# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၃၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဥ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

24-3-2014(record)

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၆၂ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူစုစုပေါင်း ၆၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၂၀ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၄၀ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၃ ရက်၊

(၂) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၃ ရက်၊

(၃) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၆) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၃ ရက်၊

(၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၃ ရက်၊

(၈) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

(၉) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၃ ရက်၊

(၁၀) လောက်ကိုင်မဲဆန္ဒနယ်မှ  ဦးကျော်နီနိုင် ခွင့် ၃ ရက်၊

(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်၊

(၁၂) ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၃ ရက်၊

(၁၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၁၄) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၅) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၆) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၃ ရက်၊

(၁၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၁၈) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၃ ရက်၊

(၁၉) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၃ ရက်၊

(၂၀) ကျိုက်ထိုမဲဆန္ဒနယ်မှ  ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၂၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၂၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၁ ရက်၊

(၂၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၃ ရက်၊

(၂၄) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၂၅) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၃ ရက်၊

(၂၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၂၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၂၈) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၂၉) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၃၀) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၃ ရက်၊

(၃၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၃၂) ဗိုလ်မှူးနှင်းစိုး တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၃၃) ဗိုလ်မှူးမျိုးမင်းမောင် တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၃၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌွေး ခွင့် ၁ ရက်၊

(၃၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌွေးဝင်း ခွင့် ၁ ရက်၊

(၃၆) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၃ ရက်၊

(၃၇) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၃၈) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃၉) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်နှင့်

(၄၀) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြိုယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ရထားလမ်းချော်မှု၊ တိမ်းမှောက်မှု၊ လူထိခိုက်မှုနှင့် ပစ္စည်းတန်ဖိုး ဆုံးရှုံးမှုမည်မျှရှိကြောင်းနှင့် လမ်းချော်တိမ်းမှောက်မှုမဖြစ်ရေးအတွက် မည်သို့ဆောင်ရွက်နေပါ ကြောင်းသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ၊ ဝေါ်မဲဆန္ဒနယ်မှ ဦးမြင့်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် လေ့လာရေးရောက်ရှိလာကြသော ဧည့်သည် တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ရွှေ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် သက်ဆိုင်ရာကို ကျွန်တော်မေးမြန်းလိုတာကတော့ ပြည်သူများရဲ့ ခရီးသွားလာရေးနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ပြုပြင်ဆောင်ရွက်နေမှုများကို အများပြည်သူသိရှိရန်အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးလုပ်ငန်းဟာ ခရီးသွားလာရေးနဲ့ ကုန်စည်ပို့ဆောင်ရေးကဏ္ဍမှာ နိုင်ငံနဲ့ နိုင်ငံသား များက အားကိုးရတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုအခါမှာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင် ရွက်ဖို့အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနဲ့ ကမ္ဘာ့အဆင့် တက်လှမ်းနိုင်ရေး အတွက် အဆင့်ဆင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ မူဝါဒများ ချမှတ်ဆောင်ရွက်နေ ကြောင်းကိုလည်းပဲ အစီရင်ခံစာအရ သိရှိရပါတယ်။ ကျွန်တော်တို့ တွေ့လိုက်ရတာက ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရထားလမ်းချော်မှု အကြိမ် ၂၀ ကျော်ဖြစ်ရကြောင်း စာစောင်တစ်ခုမှာ တွေ့ရှိလိုက်ရပါ တယ်။ ဒါ့ကြောင့်မို့လို့ ဒီသတင်းဟာ တကယ့်တကယ် အမှန်အကန်ဖြစ်ခဲ့တယ်ဆိုရင်လည်းပဲ မှန်ကန်

တဲ့အကြောင်းလေးတွေလည်း သိချင်ပါတယ်။ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိချင်တဲ့အတွက် ကျွန်တော်မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

မေးခွန်း (၁) အနေနဲ့ကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရထားလမ်းချော်မှုအကြိမ် မည်မျှဖြစ်ခဲ့ပါသလဲ။ မေးခွန်း(၂) ၂၀၁၃ ခုနှစ်အတွင်း ရထားလမ်းချော်မှုနှင့် တိမ်းမှောက်မှုမည်မျှရှိခဲ့၍ ထိခိုက်မှုနှင့် ပစ္စည်းတန်ဖိုးဆုံးရှုံးမှု မည်မျှဖြစ်ခဲ့ပါသလဲ။ မေးခွန်းနံပါတ် (၃) ယင်းသို့ လမ်းချော်တိမ်းမှောက်မှုများဖြစ်ရခြင်းအကြောင်းရင်းက ဘာ့ကြောင့်ပါလဲ။ အလားတူ အန္တရာယ်မဖြစ်အောင် ဘယ်လိုဆောင်ရွက်ထားပါသလဲဆိုတာကို ပြည်သူများကသိရှိလိုပါတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေက ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရထားလမ်းချော်မှုမည်မျှဖြစ်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း တိမ်းမှောက်မှု မည်မျှရှိခဲ့၍ လူထိခိုက်မှုနှင့် ပစ္စည်းတန်ဖိုးဆုံးရှုံးမှု မည်မျှရှိခဲ့ပါကြောင်းနှင့် လမ်းချော်တိမ်းမှောက်မှု မဖြစ်စေရေးအတွက် မည်သို့ဆောင်ရွက်နေပါကြောင်းတို့ကို သိလိုပါကြောင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရထားမတော်တဆမှု ၅၅ မှု ဖြစ်ပွားခဲ့တဲ့အနက် ရထားလမ်းချော်မှု ၄၇ မှု ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ရထားမတော်တဆမှု ၅၇၁ မှု ဖြစ်ပွားခဲ့တဲ့အနက် ရထားလမ်းချော်မှု ၅၁၁ မှုပါဝင်ခဲ့ရာ ရထားလမ်းချော်မှုကြောင့် ခရီးသည်/ဝန်ထမ်း ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပါ။ ရထားလမ်းချော်မှုကြောင့် ဌာနပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေစုစုပေါင်း ကျပ် ၄၂၉၀၀၀ ရှိခဲ့ပါတယ်။ လမ်းချော်ရတဲ့ အကြောင်းအရင်း နှစ်မျိုးရှိပါတယ်-

ပစ္စည်းချို့ယွင်းမှုကြောင့် လမ်းချော်ခြင်း။ သံလမ်းကိုက် ကျဉ်း/ကျယ်ခြင်း၊ ကန့်လန့်ဖြတ်ရေချိန်နှင့် ဒေါင့်ဖြတ်ရေချိန်မညီခြင်း၊ သစ်သားဇလီဖားတုံးများ ဆွေးမြေ့ခြင်း၊ ရုတ်တရက်မြေသားနိမ့်ကျွံခြင်း၊ အပူချိန်နည်း/များ ပြောင်းလဲမှုကြောင့် လမ်းတွန့်ခြင်း၊ ရထားလမ်း အောက်ခံကျောက်နည်းပါးခြင်း၊ ရထားဘီးနှုတ်ခမ်းပါးခြင်း၊ ဝန်ရိုးကွိုင်ကျိုးခြင်း၊ တွဲချိတ်ဆက်ကိရိယာကျိုးခြင်း၊ ဒဏ်ခံတုံးပါးခြင်း၊ သက်တမ်းလွန် စက်ခေါင်းနှင့်တွဲများ သုံးစွဲနေရခြင်းတို့ကြောင့် လမ်းချော်လေ့ရှိပါတယ်။ လူ၏အားနည်းမှုကြောင့် ရထားလမ်းချော်ခြင်းနှင့် ပတ်သက်လို့ တင်ပြရမယ်ဆိုရင် လမ်းလွှဲအံမကျခြင်း၊ လမ်းခွဲတွင် လမ်းမှား၍ ရထားသွင်းခြင်း၊ မိုင်နှုန်းပြကိရိယာ မကောင်းခြင်းကြောင့် မိုင်နှုန်းကန့်သတ်ချက်ထက် ကျော်လွန်မောင်းနှင်ခြင်း၊ ဂျမ်းတုံးအားမဖြုတ်ဘဲ တွဲရွှေ့လုပ်ငန်းပြုလုပ်ခြင်းတို့ ဖြစ်ပါတယ်။

မတော်တဆမှုလျှော့နည်းပပျောက်ရေးအတွက် မြန်မာ့မီးရထားမှ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စက်ခေါင်း၊ တွဲများနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို တင်ပြရမယ်ဆိုရင်-စက်ခေါင်းနှင့် တွဲဆိုင်းများကို Preventive Maintenance အနေနဲ့ အချိန်ကျစစ်ဆေး ပြုပြင်ခြင်း၊ လမ်းခရီးတစ်လျှောက် ဖြတ်သန်းရထားများအား စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ရထားစက်မှုသင်တန်းကျောင်းနှင့် စက်ရုံအလုပ်ရုံများ၌ ဖွင့်လှစ်သင်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဖြစ်ပွားခဲ့သော မတော်တဆမှုများကို လစဉ်ပြန်လည်သုံးသပ်ပြီး ပစ္စည်းချို့ယွင်းမှု၊ စနစ်ချို့ယွင်းမှု၊ ဆောင်ရွက်သူအပိုင်း ချို့ယွင်းမှု စသည်တို့ကို စိစစ်ပြီး စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စက်ခေါင်းမောင်းနှင်သူများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို တင်ပြရမယ်ဆိုရင်-စက်ခေါင်းမောင်းနှင်သူများအား ကြီးကြပ်စစ်ဆေးသူများက လိုက်ပါစစ်ဆေးခြင်း၊ မတော်တဆမှုကာကွယ်တားဆီးရေးအတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ရထားစက်မှုသင်တန်းကျောင်းနှင့် စက်ရုံအလုပ်ရုံများ၌ ဖွင့်လှစ်သင်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းခရီးရပ်နားတဲ့ ဘူတာများမှာ မောင်းနှင်မှု၊ စက်ခေါင်းတွဲ အခြေအနေတို့ကို စက်ခေါင်းဆိုင်ရာ၊ တွဲပိုင်းဆိုင်ရာနှင့် မောင်းနှင်သူဆိုင်ရာကြီးကြပ်သူများက ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ မောင်းနှင်မှုဆိုင်ရာသင်တန်းများ၊ ဉာဏ်သစ်လောင်းသင်တန်း

များ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မတော်တဆမှုများတွင် အရေးယူရန်လိုအပ်သော တာဝန်ရှိသူများအား ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။ မတော်တဆမှုဖြစ်ပွားသောနယ်မြေရှိ တိုင်းအရာရှိများအား ရုံးချုပ်သို့ ခေါ်ယူဆွေးနွေးကြပ်မတ်ဆောင်ရွက်ခြင်းများဆောင်ရွက်လျက်ရှိပါတယ်။

လမ်း၊ တံတားများနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်မှုများကို တင်ပြရမယ်ဆိုရင် ရထားလမ်းများတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်း၊ ထပ်မံဖြည့်တင်းခြင်း၊ ကျောက်များ ဝယ်ယူဖြည့်တင်းခြင်း၊ ပြင်ပပုတ်ပြတ်လုပ်သားများ ငှားရမ်း၍ လမ်းပိုင်းကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ခြုံခုတ်၊ မြက်ရှင်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် သံလမ်းဂဟေဆက်စက်ကြီးဖြစ်တဲ့ Flash Butt Welding Machine နှင့် လေးချောင်း ဆက်သံလမ်းများပြုလုပ်ခြင်း၊ Automatic Leveling Lining and Tamping Machine များနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် တံတားကြီးများနှင့် ရထားလမ်းများ တောင့်တင်းကြံ့ခိုင်လာစေရန်အတွက် Japan International Cooperation Agency (JICA)ရဲ့ အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ ဦးဆောင်၍ မတော်တဆမှု ကာကွယ်တားဆီးရေး အဖွဲ့များဖွဲ့စည်းပြီး တိုင်းဒေသကြီးအသီးသီးသို့ သွားရောက်စစ်ဆေးခြင်း၊ ကြပ်မတ်ခြင်း၊ လိုအပ်သည်များပံ့ပိုးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရထားလမ်းချော်မှုများ၊ မတော်တဆမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်များအပေါ် ဌာနအလိုက်တာဝန်ရှိမှု၊ အပြစ်ပေးအရေးယူမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရထားလမ်းချော်ခြင်းများအတွက် ၂၀၁၃ ခုနှစ်အတွင်း ဝန်ထမ်း ၅၇၆ ဦးအားအရေးယူခဲ့ပြီးဖြစ်ပါတယ်။

လတ်တလောမှာ ဘဏ္ဍာငွေအခြေအနေ၊ ကျွမ်းကျင်လုပ်သားရှားပါးမှု၊ စက်ကိရိယာနှင့် စက်ခေါင်း/တွဲများ ဟောင်းနွမ်းချို့ယွင်းမှုတို့ကြောင့် လမ်းပိုင်းအားလုံးကို လုံးဝလမ်းမချော်အောင် ပြုလုပ်နိုင်စွမ်းမရှိသေးသော်လည်း လမ်းပိုင်းအလိုက် ဦးစားပေးနေရာများ သတ်မှတ်လျက် အဆင့်အလိုက်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်နယ်မြေအတွင်း မြို့ပြနှင့်စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ချိန် လေးလကို ၁-၁၁-၂၀၁၃ မှ ၂၈-၂-၂၀၁၄ အထိ အချိန်ပေးထားပြီး ပြင်ဆင်ချိန်ကာလ ပြည့်မြောက်ပြီးနောက်ပိုင်း မတော်တဆမှုများ ပိုမိုဖြစ်ပွားပါက ပိုမိုထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



မှုကြမ်း

ပထမအဆင့်အဖြစ် ဦးစားပေးသတ်မှတ်ခဲ့တဲ့ ရထားမကျရဇုန်/နယ်မြေများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်-မန္တလေးလမ်းပိုင်း (သာဝတ္တိဘူတာမှ တပ်ကုန်းဘူတာအထိ)၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း (ပျဉ်းမနားဘူတာမှ သစ်ပုတ်ပင်ဘူတာအထိ)၊ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းမှာဆိုရင် (ရန်ကုန်-ပြည်လမ်းပိုင်း) (ရန်ကုန်ဘူတာကြီးမှ လှော်ကားဘူတာအထိ) ရန်ကုန်-မန္တလေးလမ်းပိုင်း (ရန်ကုန်ဘူတာကြီးမှ ရွာသာကြီးဘူတာအထိ)၊ ရန်ကုန်မြို့ပတ်လမ်းပိုင်း (မြို့ပတ်လမ်းပိုင်းတစ်ခုလုံး (ဆင်ခြေဖုံးမပါ)အားလည်းကောင်း)၊ မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်းမှာဆိုရင် ရန်ကုန်-မန္တလေးလမ်းပိုင်း (မြစ်ငယ်ဘူတာမှ မန္တလေးဘူတာအထိ)၊ မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း (မန္တလေးဘူတာမှ ဆည်တော်ဘူတာအထိ)၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း။ (မန္တလေးဘူတာမှ ရွှေကြက်ယက်ဘူတာအထိ)၊ ဘူတာရပ်ဝင်းများ (တိုင်းအားလုံးရှိ ဘူတာရပ်ဝင်း မကျရနယ်မြေများ)ဖြစ်ပါတယ်။

အထက်ပါအတိုင်း ဆောင်ရွက်ထားရှိမှုကြောင့် နှစ်အလိုက် နှိုင်းယှဉ်ပါက ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း ရထားလမ်းချော်မှု ၅၈ ကြိမ် ဖြစ်ပွားခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ရထားလမ်းချော်မှု ၄၇ ကြိမ်ဖြစ်ပွားခဲ့ရာ ၁၁ ကြိမ်လျော့နည်းခဲ့ပါတယ်။ လအလိုက် ဖြစ်စဉ် အရေအတွက်ကို ကြည့်ပါက ဩဂုတ်လတွင် လမ်းချော်မှု ၄၇ ကြိမ်၊ စက်တင်ဘာလတွင် ၄၅ ကြိမ်၊ အောက်တိုဘာလတွင် ၄၆ ကြိမ်၊ နိုဝင်ဘာလတွင် ၃၈ ကြိမ်၊ ဒီဇင်ဘာလတွင် ၂၉ ကြိမ်၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ၃၁ ကြိမ်ဖြစ်ပွားခဲ့ရာ ခြောက်လအတွင်း လအလိုက် လျော့ကျလာကြောင်း တွေ့ရှိရပါတယ်။

လောလောဆယ်တွင် ရထားလမ်းပိုင်းများ ပိုမိုကြံ့ခိုင်တောင့်တင်းပြီး ရထားတွဲများခုန်/ဆောင့်/လူးဖြစ်ခြင်းများ လျော့နည်း၍ ရထားစီးခြင်း သက်သာစေရန်အတွက် အောက်ဖော်ပြပါလမ်းပိုင်းအသီးသီးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ရထား လမ်းတစ်မိုင်တွင် ၃၉ ပေအရှည် သံလမ်း ၁၃၆ ဆက်ရှိခြင်းကြောင့် (Flash Butt Welding Machine) စက်ကြီးဖြင့် လေးချောင်းဆက် သံလမ်းဖြစ်အောင် ပြုလုပ်၍ တစ်မိုင်လျှင် သံလမ်းဆက် ၃၃ ဆက်သာရှိအောင် ပြုလုပ်ခြင်းကို ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရေနီ-မြို့လှ-သာဂရ အစုန်/အဆန် ၂၂ မိုင်၊ တောကျွဲအင်း-ကညွတ်ကွင်း-ညောင်ပင်သာ ၈.၈၃ မိုင်၊ ပဲခူး-မော်လမြိုင်လမ်းပိုင်း ဒုံဝန်း-နှင်းပုလဲ-တောင်စွန်း ၁၂ မိုင်တို့တွင် ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ လမ်းခင်းကျောက်များ စံနှုန်းပြည့်အောင် ထည့်သွင်းလျက်ရှိပါတယ်။

ထို့အပြင် ပဲခူး-ရွှေလှေ-ဘုရားကြီး အစုန်လမ်း ၁၀ မိုင်ကိုလည်း ကိုး ချောင်းဆက်သံလမ်းဆက်များ ဆောင်ရွက်ပြီးစီးပြီးဖြစ်တဲ့အပြင် ရွာသာကြီး-လေးဒေါင့်ကန်-ဒါးပိန် အစုန်လမ်း ၉.၄၁ မိုင်ကိုလည်း ဘူတာစဉ်တစ်လျှောက် သံလမ်းဆက်ခြင်း (CWR) Continuous Welded Rail လုပ်ငန်းများ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မုပ္ပလင်-ကျိုက်ကသာ-ဘုရားကြီး ၁၀.၃၇ မိုင်ကိုလည်း (Flash Butt Welding Machine) အသုံးပြုပြီး လေးချောင်းဆက်သံလမ်းဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ညောင်ခြေထောက်-ကျွဲပွဲဘူတာကြား၊ ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ ပေါင်-ကျွဲခြံဘူတာကြားနှင့် ရန်ကုန်-ပြည်လမ်းပိုင်းရှိ တိုက်ကြီး-ဖူးကြီးဘူတာကြားတို့ကို (Thermit Welding Power) နည်းဖြင့် သုံးချောင်းဆက် သံလမ်းများဖြစ်အောင် ယခု မတ်လနောက်ဆုံးပတ်မှစ၍ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။

ပဲခူး-မော်လမြိုင် ရထားလမ်း ၁၃၀ မိုင်အတွင်း သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၁၆ တုံးပြည့်ဖြစ်အောင် ထည့်သွင်းခြင်းလုပ်ငန်းကိုလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ဆောင်ရွက်ပြီးဖြစ်၍ လမ်းခင်းကျောက်များ ရာနှုန်းပြည့်ဖြစ်အောင် ထပ်မံဖြည့်တင်းပြီး ရန်ကုန်-မော်လမြိုင်ရထား လက်ရှိပြေးဆွဲချိန် ၁၀ နာရီမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန်ခန့်တွင် ပြေးဆွဲချိန် ၈ နာရီ ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အစုန်/အဆန် ၅၉ မိုင်ကိုလည်း သံလမ်းအဆက်များ ညှိပြီး ကွန်ကရစ်ဇလီဖားတုံးများအပြည့်ထည့်၍ လမ်းခင်းကျောက် ၇၅ ရာခိုင်နှုန်း ထည့်သွင်းပြုပြင်နိုင်ခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင်လည်း လမ်းခင်းကျောက်များ ထပ်မံဖြည့်တင်းကာ ပိုမိုတောင့်တင်းအောင် ပြုပြင်လျက်ရှိပါတယ်။

ရန်ကုန်-ပြည်ရထားလမ်းပိုင်း (တညင်းကုန်းဘူတာမှ ပြည်ဘူတာအထိ) ဘူတာကြား ၃၁ ခုရှိတဲ့ အနက် ဘူတာကြား ၂၁ ခုကို ကွန်ကရစ်ဇလီဖားတုံး အပြည့် ဖြည့်ဆည်းပြီးဖြစ်၍ ကျန်ဘူတာကြား ၁၀ ခုကို၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့မီးရထားတွင် ရထားလမ်းပြုပြင်သည့် All-TM (Automatic Leveling, Linning and Tamping Machine) နှစ်စီးအနက် တစ်စီးပျက်နေ၍ ပြုပြင်လျက်ရှိပြီး ကျန်တစ်စီးဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အဆိုးဆုံးဖြစ်သော ညောင်လေးပင်နှင့် အုတ်တွင်းဘူတာကြား အစုန်/အဆန် လမ်းပိုင်းကို ၎င်းစက်ကြီးဖြင့် ပြုပြင်လျက်ရှိပါတယ်။ ပျက်နေသော ကျန်စက်တစ်စီးကို ပြုပြင်လျက်

ရှိရာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လကုန်ခန့်တွင် ပြီးစီးမည်ဖြစ်၍ အဆိုပါစက်ကြီးဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း၊ ရန်ကုန်-ပြည်ရထားလမ်းနှင့် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းပိုင်းတို့ကို အလှည့်ကျရွှေ့ပြောင်း၍ လမ်းပိုင်းများ တောင့်တင်းကြံ့ခိုင်အောင် ပြုပြင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ ၁၅၅ သန်းဖြင့် သံလမ်း ဂဟေဆက်သော Flash Butt Welding Machine နှစ်စီးနှင့် အလတ်စားကျောက်ပါကင်ရိုက်စက် Semi-Mechanized Tamping Machine နှစ်စီးကိုလည်း ဝယ်ယူဖြည့်တင်း၍ လမ်းပိုင်းများ ပိုမိုတောင့်တင်းကြံ့ခိုင်အောင်ပြုပြင်သွားရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် မန္တလေး-မြစ်ကြီးနားရထားလမ်း ၃၄၀ မိုင်၊ ကြံခင်း-ဟင်္သာတ-ပုသိမ်ရထားလမ်း ၁၄၇ မိုင်၊ ပြည်-အောင်လံ-ဆတ်သွား-တောင်တွင်းကြီး-ပုဂံ ရထားလမ်း ၂၃၆ မိုင်နှင့် မော်လမြိုင်-သံဖြူဇရပ်-ရေး ရထားလမ်း ၉၂ မိုင်တို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အပြီး ကွန်ကရစ်ဇလီဖားများ တုံးပြည့်အောင်နှင့် လမ်းခင်းကျောက်များစံနှုန်း၏ ၇၅ ရာခိုင်နှုန်းခန့်ဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့မီးရထားတွင် လက်ရှိပြေးဆွဲလျက်ရှိသော ရထားများရှိ တွဲဆိုင်းအချို့သည် သက်တမ်းကြာမြင့်နေပြီဖြစ်ခြင်းကြောင့် မတော်တဆမှုမဖြစ်ရန်အတွက် ရန်ကုန်-မော်လမြိုင် ရထားအမှတ် (၃၅/၃၆) တွဲဆိုင်းတစ်ဆိုင်းကို တွဲဆိုင်းအသစ်များဖြင့် လဲလှယ်ခြင်း၊ မန္တလေး-မြစ်ကြီးနား ရထားအမှတ်(၅၅/၅၆) တွဲဆိုင်းတစ်ဆိုင်းကို တွဲဆိုင်းအသစ်များဖြင့် လဲလှယ်ခြင်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းများရှိ သက်တမ်းလွန် တွဲဆိုင်းနှစ်ဆိုင်းကိုလည်း တွဲအသစ် ၂၀ ဖြင့် လဲလှယ်ပေးပြီး ဖြစ်ပါတယ်။

အထက်ပါနည်းလမ်းများအပြင် လမ်းပိုင်းသစ်များ ဖောက်လုပ်ခြင်းထက် လမ်းဟောင်းများ ပြုပြင်ခြင်းကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်၍လည်းကောင်း၊ သက်တမ်းလွန်ရထား စက်ခေါင်းနှင့်တွဲများကို အစားထိုးဖြည့်တင်းဝယ်ယူရန် အစီအစဉ်များအရလည်းကောင်း ရထားလမ်းချော်မှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုံစံ(၆၆) မရရှိသေးသော ပြည်သူများအား ပြန်လည်စိစစ်၍ ထပ်မံထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မည်ကဲ့သို့စဉ်းစားပေးမည် ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးမြန်းလိုတာကတော့ တခြားသောမြို့နယ်များမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိသဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းသို့ ပြောင်းရွှေ့နေထိုင်လာကြတဲ့ ပြည်သူများအတွက် ပုံစံ (၆၆) ရရှိရေးကိစ္စကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့မြို့နယ်အတွင်း တခြားမြို့နယ်များမှ ပုံစံ (၁၀) ဖြင့်ထွက်ရှိလာပြီး ဇမ္ဗူသီရိမြို့နယ်အတွင်း တရားဝင်နေထိုင်ခွင့်ရရှိရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆) ပြုလုပ်ပေးနိုင်ရန် လျှောက်ထားခဲ့ရာ မြို့နယ်လဝကဦးစီးမှူးမှ ၎င်းတို့ဌာနမှထုတ်ပေးတဲ့ အချက်ခြောက်ချက်ပါပုံစံစာရွက်ပေါ်ရှိ အချက်များပြည့်စုံလျှင် နေ့ချင်းပြီးပြုလုပ်ပေးမယ်လို့ပြောပြီး ပုံစံစာရွက်တွေထုတ်ပေးပါတယ်။ ထိုပုံစံစာရွက်များဖြည့်စွက်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး လက်မှတ်လိုပြီးတောင်းခံရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ခွင့်ပြုချက်ရမှလက်မှတ်ရေးထိုးပေးမယ်လို့ပြောလို့ မြို့နယ်ထွေ/အုပ်ကို ခွင့်ပြုချက်တောင်းခံသော်လည်း နေပြည်တော်ကောင်စီမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များရဲ့ပုံစံ(၆၆)ကိုပိတ်ထားတယ်လို့ပြောပါတယ်။ သို့ပါသောကြောင့် ဇမ္ဗူသီရိမြို့နယ်အတွင်းနေထိုင်ကြတဲ့ပြည်သူများမှာ တရားဝင်နေထိုင်ခွင့်ရရှိရန်သော်လည်းကောင်း၊ ပျောက်ဆုံးမှတ်ပုံတင်အသစ်ပြုလုပ်ရန်သော်လည်းကောင်း ပုံစံ(၆၆)မရှိလို့အခက်အခဲတွေ တွေ့ကြုံနေရပါတယ်။ ထို့ကြောင့် ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းလေးတွေကတော့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုံစံ(၆၆)မရရှိသေးတဲ့ ပြည်သူများ ပုံစံ(၆၆) ထပ်မံစိစစ်၍ ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အလုပ်အကိုင်အခွင့်အလမ်း ရရှိသဖြင့် ပြောင်းရွှေ့နေထိုင်ကြလာသော ပြည်သူများအတွက် အဘယ်ကဲ့သို့ စဉ်းစားပေးမလဲ။ ၎င်းပြည်သူများမှာ နေရင်းဒေသမှ ပုံစံ(၁၀)နဲ့ထွက်ရောက်လာပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ နေထိုင်ကြသည်မှာ သုံးလေးနှစ်ရှိပြီဖြစ်သော်လည်း ပုံစံ(၆၆)ထုတ်ပေးရေးအတွက် အကြောင်းအမျိုးမျိုးဖြင့် ငြင်းပယ်ခံနေရသောပြည်သူများအတွက် မည်ကဲ့သို့စဉ်းစားပေးမလဲ။ ပုံစံ

(၆၆)မရှိလို့ မိုးပွင့်စီမံကိန်းရှိသော်လည်း မှတ်ပုံတင်လုပ်ခွင့်မရရှိသေးသော ပြည်သူများအတွက် ကျန်ရှိနေသေးသည်ကို သိပါသလား။ မှတ်ပုံတင်ရရှိရန် အဘယ်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုံစံ (၆၆) မရှိသေးသော ပြည်သူများအား ပုံစံ(၆၆)ထပ်မံစိစစ်၍ ထုတ်ပေးရန်အစီအစဉ်ရှိ/မရှိ၊ ၎င်းပြည်သူများမှ နေရင်းဒေသမှ ပုံစံ(၁၀)ဖြင့်လည်း ထွက်ရောက်လာပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ နေထိုင်နေသည်မှာ သုံးလေးနှစ်ရှိပြီးဖြစ်သော်လည်း ပုံစံ(၆၆) ထုတ်ပေးရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ငြင်းပယ်ခံနေရသော ပြည်သူများအတွက် မည်ကဲ့သို့စဥ်းစားပေးမည်နှင့် ပုံစံ (၆၆/၆)မရရှိသဖြင့် မိုးပွင့်စီမံကိန်းရှိသော်လည်း မှတ်ပုံတင်လုပ်ခွင့်မရသေးသောသူများ အများအပြားကျန်ရှိနေသည်ကို သိပါသလား၊ မှတ်ပုံတင်ရရှိရန်မည်ကဲ့သို့ လုပ်ဆောင်ရမည်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိသဖြင့် ပြောင်းရွှေ့နေထိုင်လာသော ပြည်သူများအတွက် မည်ကဲ့သို့စဥ်းစားပေးမည်ကို သိလိုသည်နှင့်စပ်လျဥ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စားကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဤမေးခွန်းနှင့်အလားတူစွာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းမှပင် နေပြည်တော် ကောင်စီနယ်မြေအတွင်း၌

ရွှေ့ပြောင်းအလုပ်သမားများ နေရာချထားပေးရေး၊ ပုံစံ (၆၆/၆) ပြုလုပ်ပေးရေးနှင့် မှတ်ပုံတင်မရှိသူများ မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းလာခြင်းအား နေပြည်တော်ကောင်စီမှ တာဝန်ယူဖြေကြားရန် ညွှန်ကြားချက်အရ မိမိဝန်ကြီးဌာန၏ ဖြေကြားချက်အား နေပြည်တော်ကောင်စီသို့ ပေးပို့ခဲ့ပြီးလည်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ ပထမ မေးခွန်းပါ နေပြည်တော်ကောင်စီနယ်မြေအတွင်း အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆)ထုတ်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ အခြားမြို့နယ်များမှ ပုံစံ(၁၀)ဖြင့် ပြောင်းရွှေ့ဝင်ရောက်နေထိုင်သူများအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ဖြေလျှော့ခြင်းနည်းဖြင့် စိစစ်ကာ မြို့နယ်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ ကွင်းဆင်းမိုးပွင့် စီမံချက်များဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကာယကံရှင်များမှ နောက်ဆုံးနေထိုင်ခဲ့သောမြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ(၁၀)၊ အိမ်ထောင်စုဦးစီး၏လျှောက်လွှာ၊ ဝင်ရောက်နေထိုင်လိုသည့် လိပ်စာမှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြောင်းဝင်မည့်အိမ်ခန်း သို့မဟုတ် အိမ်အားပိုင်ဆိုင်သည့်အထောက်အထား မူရင်း/မိတ္တူများဖြင့် အိမ်ထောင်ဦးစီးကိုယ်တိုင် သို့မဟုတ် အိမ်ထောင်စုထဲမှ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ဦးအား အိမ်ထောင်ဦးစီး၏ ကိုယ်စားလှယ်လွှဲစာဖြင့် လျှောက်ထားလာပါက မှန်ကန်မှုရှိလျှင် နေ့ချင်းပြီး အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)အား အခမဲ့ဆောင်ရွက်ထုတ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရန် လျှောက်ထားလာပါက လိုအပ်သောအထောက်အထား၊ အချက်အလက်များပြည့်စုံပြီး တိုင်းရင်းသားဖြစ်လျှင် လျှောက်ထားသည့်နေ့မှစ၍ အများဆုံး ၂၈ ရက်အတွင်း ဆောင်ရွက်ထုတ်ပေးလျက်ရှိပါတယ်။ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ထုတ်ပေးခြင်းနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၏ ၁၈- ၈- ၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁/၂-၂/ ဦး-၁ ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆) ထုတ်ပေးမှုကို နေပြည်တော်ကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ညှိနှိုင်းရန်ရှိ၍ ထုတ်ပေးခြင်းအား ရပ်ဆိုင်းထားပေးပါရန် ညှိနှိုင်းအကြောင်းကြားလာသည့်အတွက် ပုံစံ (၁၀)ဖြင့် ပြောင်းဝင်လာသူများသို့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ထုတ်ပေးခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ထိုကာလအတွင်း နေပြည်တော်ကောင်စီအနေဖြင့် နေပြည်တော်ကောင်စီ၊ မြေနေရာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ စနစ်တကျဖြစ်စေရန် အဆောက်အဦစာရင်းကောက်ယူခြင်း၊ ကျေးရွာ

နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေချိန်ဖြစ်ပြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေရာချထားပေးသောမြေကွက်များ၊ ရောင်းချပေးထားသော မြေကွက်များ၊ ပိုင်ဆိုင်မှုသေချာသောမြို့တွင်းမြေများရှိ အဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများသို့ ပြောင်းရွှေ့ဝင်ရောက်ခွင့်ပြုခြင်းဖြင့် မြို့ပြစီမံကိန်းအတွက် အဟန့်အတား မဖြစ်စေသော်လည်း မူလရွာမြေဟုအတည်ပြုရန် စိစစ်နေဆဲကျေးရွာများသို့ ပြောင်းရွှေ့ဝင်ရောက်ခွင့်ပြုခြင်းဖြင့် မြို့ပြစီမံကိန်းအတွက်လည်းကောင်း(Naypyitaw Citizenship) ထိန်းသိမ်းရေးအတွက်လည်းကောင်း၊ အခက်အခဲအရှုပ်အထွေးများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေရာချထားပေးသောမြေကွက်များ၊ ရောင်းချပေးထားသောမြေကွက်များ၊ ပိုင်ဆိုင်မှုသေချာသော မြို့တွင်းမြေများရှိ အဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများသို့ ပြောင်းရွှေ့ဝင်ရောက်ခြင်းဖြစ်လျှင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ထုတ်ပေးရေးနှင့် ကျေးရွာများရှိ အဆောက်အဦများသို့ ပြောင်းရွှေ့ဝင်ရောက်ခြင်းဖြစ်လျှင် အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)လောလောဆယ်ထုတ်ပေးခြင်းမပြုရန် ညှိနှိုင်းမှုများ ပြုခဲ့ပါတယ်။

အထက်ဖော်ပြပါ နေပြည်တော်ကောင်စီ၏ အကြောင်းကြားညှိနှိုင်းချက်အရ ဇမ္ဗူသီရိမြို့နယ်၊ ဝန်ထမ်းနေအိမ်ရပ်ကွက်များဖြစ်သော သိဒ္ဓိ(၉)ရပ်ကွက်သို့ ပုံစံ (၁၀)ဖြင့် ပြောင်းရွှေ့လာသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ချက်ခြင်းဆောင်ရွက်ပေးခဲ့ပြီး ယခုမှမြေကွက်ဝယ်ယူ၍ အိမ်ထောင်စုလူဦးရေပုံစံစာရင်း(၆၆/၆)အသစ် သီးခြားထုတ်ပေးရန်လျှောက်ထားလာပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိမှသာ ဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ဇမ္ဗူသီရိမြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများသို့ ပုံစံ (၁၀)ဖြင့် ပြောင်းရွှေ့ဝင်ရောက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) လျှောက်ထားမှုအား အခမဲ့နေ့ချင်းပြီး ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အောင်ဇမ္ဗူရပ်ကွက်မှ အိမ်ထောင်စုအချို့သည် ဘိုးစဉ်ဘောင်ဆက်နေထိုင်လာသည့် ဒေသခံတိုင်းရင်းသားများဖြစ်သော်လည်း အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မရှိ၍ တင်ပြလာမှုအပေါ် ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့် စိစစ်ရေး

အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုပေါင်း ၅၂ စုတွင် အိမ်ထောင်စု ၂၃ စုမှာ ယခင်ထုတ်ပေးထားပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပျောက်ဆုံး၍ လက်ဝယ်ကိုင်ဆောင်ထားခြင်းမရှိဘဲ ရုံးလက်ခံမှတ်တမ်းဖြင့် တိုက်ဆိုင်စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) မိတ္တူမှန်များကို ၁၁-၁၀-၂၀၁၃ ရက်နေ့တွင် ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ဘိုးစဥ်ဘောင်ဆက် နေထိုင်ခဲ့သည့် ဒေသခံတိုင်းရင်းသားအိမ်ထောင်စု ၂၉ စုအား စိစစ်ရေးအဖွဲ့မှ အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ထုတ်ပေးသင့်ကြောင်း စိစစ်ချက်အရ ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့ညှိနှိုင်းချက်ဖြင့် ၂၈-၁၁-၂၀၁၃ ရက်နေ့တွင် ၎င်းအိမ်ထောင်စု ၂၉ စုအား အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) အားထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် မိုးပွင့်စီမံချက် (၅) ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအပြင် မူလအိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) များပြုလုပ်ခဲ့ပြီး အကြောင်းကြောင်းကြောင့် လက်ဝယ်ကိုင်ဆောင်ထားခြင်းမရှိသူများအား ရုံးလက်ခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေး၍ မိတ္တူမှန်ထုတ်ပေးခြင်းကို အိမ်ထောင်စု ၉၂၂ စုနှင့် လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီသည့် ပုံစံ (၁၀) ဖြင့် လျှောက်ထားလာသည့် အိမ်ထောင်စု ၆၄၆ စု၊ စုစုပေါင်း အိမ်ထောင်စု ၁၅၆၈ စုကို အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သို့ဖြစ်ပါ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေထိုင်သူပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မိုးပွင့်စီမံချက်များဖြင့် ၁-၇-၂၀၁၁ ရက်နေ့မှ စတင်ဆောင်ရွက်ပေးခဲ့ရာ မိုးပွင့်စီမံချက်အဆင့် (၅)အထိ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ထပ်မံ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၁၃-၁၁-၂၀၁၃ ရက်နေ့မှ စတင်ကာ One Stop Service အစီအစဥ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ၅-၁-၂၀၁၄ ရက်နေ့အထိ စုစုပေါင်းအိမ်ထောင်စု လူဦးရေစာရင်းဆိုင်ရာလုပ်ငန်း ၇၁၅၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၄၂၁၁ ကတ် ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍ မိမိဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ကျန်မေးခွန်းဖြစ်တဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိသဖြင့် ပြောင်းရွှေ့နေထိုင်လာသော ပြည်သူများအတွက် မည်ကဲ့သို့ စဉ်းစားပေးမည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ပထမပိုင်းတွင် ရှင်းလင်းဖြေကြားခဲ့သည့်အတိုင်း မိမိတို့ဝန်ကြီးဌာနသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စီမံချက်များချမှတ်ကာ ပြည်သူများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပေါ် ဗီဇာကြေးပိုမိုကောက်ခံနေခြင်းဟာ မှန်ကန်မှုရှိ/မရှိနှင့် နိုင်ငံခြားသားများ (မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပါအဝင်) ပြည်တွင်း၌နေထိုင်ခွင့် အခွင့်အရေး (PR) အား မည်သည့်အချိန်တွင်စတင်နိုင်မည်ကိုသိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော့်အနေနဲ့ ဒီနေ့ ဗီဇာကြေးကိစ္စ၊ PR ကိစ္စနှင့်ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တံခါးဖွင့်ပြီးတော့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍအသီးသီးတိုးတက်ဖို့အတွက်ကို တံခါးဖွင့်ကြိုဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အချိန်မှာ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများလည်း နိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်းပဲ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အချိန်မှာ ပြည်ပနိုင်ငံအသီးသီးမှာရှိတဲ့ သံရုံးများမှာ မြန်မာနိုင်ငံကိုဝင်ရောက်လိုတဲ့ နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသား နိုင်ငံခြားသားအဖြစ်ခံယူထားသူများဟာ မြန်မာနိုင်ငံသို့ဝင်ရောက်ရန် သံရုံးများမှာ ဗီဇာကြေးပေးဆောင်ပြီးတော့ ဆောင်ရွက်လျက်ရှိတာကို သိရှိရပါတယ်။ သို့သော်လည်းပဲ တချို့သံရုံးများမှာ ဗီဇာကြေးကောက်ခံမှုမတူညီကြောင်းလည်း ကြားသိရပါတယ်။ နိုင်ငံခြားသားများ အားကောက်ခံသော ဗီဇာကြေးထက် မြန်မာနိုင်ငံသား နိုင်ငံခြားသား ခံယူထားသူများကို ဗီဇာကြေး ပို၍ကောက်ခံကြောင်းကိုလည်း ကြားသိရပါတယ်။ ပိုမိုကောက်ခံမှုမှန်ကန်ပါက ငွေကြေးမှာမထောင်းသာလှသော်လည်းပဲ မြန်မာနိုင်ငံသား နိုင်ငံခြားသားများအတွက် ဂုဏ်သိက္ခာပိုင်းနဲ့ ခွဲခြားဆက်ဆံခြင်းခံရသလိုဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပေါ် ဗီဇာကြေးပိုမိုကောက်ခံနေခြင်းမှာ မှန်ကန်မှုရှိ/မရှိ။ ပိုမို

ကောက်ခံပါက မည်သည့်အတွက်ကြောင့် ကောက်ခံရသည်ကို ရှင်းလင်းစွာသိရှိလိုပါကြောင်းနှင့် ယခုလိုဆောင်ရွက်ခြင်းအား ယနေ့အခြေအနေနှင့်ကိုက်ညီအောင် အခြားနိုင်ငံခြားသားများနည်းတူ ကောက်ခံရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း။ နောက်ဒုတိယတစ်ခုအနေနဲ့ နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပါအဝင် ပြည်တွင်းဌနေထိုင်ခွင့် PR အခွင့်အရေးအား မည်သည့် အချိန်ကာလများမှာ စတင်နိုင်မည်ကို သိလိုပါကြောင်း။ ဤသို့မေးမြန်းရခြင်းမှာလည်း နိုင်ငံတော် သမ္မတကြီးမှ ပြည်ပရောက်ပညာရှင်များ၊ အတွေ့အကြုံရှိသူများ၊ စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ မြန်မာနိုင်ငံသားအားလုံး မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ပူးပေါင်းဆောင်ရွက်ရန် ဖြေကြားမှု အပေါ် အဟန့်အတားဖြစ်နေ၍ မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်း နှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၏ မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပေါ် ဗီဇာကြေးပိုမိုကောက်ခံ နေခြင်း မှန်ကန်မှုရှိ/မရှိ၊ ပိုမိုကောက်ခံပါက မည်သည့်အတွက်ကြောင့် ကောက်ခံရပါကြောင်းနှင့် ဤကဲ့သို့ဆောင်ရွက်ခြင်းအား ယနေ့အခြေအနေနှင့် ကိုက်ညီအောင် အခြားနိုင်ငံခြားသားများနည်းတူ ကောက်ခံရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း၊ နိုင်ငံခြားသားများ (မြန်မာနိုင်ငံသား နိုင်ငံခြားသား များ)အပါအဝင် ပြည်တွင်းဌနေခွင့် (PR) အခွင့်အရေးအား မည်သည့်အချိန်ကာလတွင် စတင်နိုင်မည် ကိုသိရှိလိုပါကြောင်းတို့နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါ တယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အဆိုပါမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံသား နိုင်ငံခြားသားများအပေါ် ဗီဇာကြေးပိုမိုကောက်ခံနေခြင်း မှန်ကန်မှုရှိ/မရှိ၊ ပိုမိုကောက်ခံပါက မည်သည့်အတွက်ကြောင့် ကောက်ခံရသည်ကို ရှင်းလင်းစွာသိလိုပါကြောင်းနှင့် ဤသို့ဆောင်ရွက်ခြင်းအား ယနေ့အခြေအနေနှင့် ကိုက်ညီအောင် အခြားနိုင်ငံခြားသားများနည်းတူ ကောက်ခံရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ပရှိ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုကြသော နိုင်ငံခြားသားများအား အောက်ပါအတိုင်း ပြည်ဝင်ဗီဇာအမျိုးအစား ခြောက်မျိုးဖြင့် တရားဝင်သတ်မှတ်ထားသော အခကြေးငွေများကောက်ခံ၍ ဝင်ခွင့်ပြုလျက်ရှိပါတယ်ခင်ဗျား။ ကမ္ဘာ့လှည့်ဗီဇာ အခငွေ ဒေါ်လာ ၂၀ ကောက်ခံပြီးတော့၊ ၂၈ ရက်ခွင့်ပြုပါတယ်။ လုပ်ငန်းဗီဇာ ၃၆ ဒေါ်လာ၊ ၇၀ ရက်ခွင့်ပြုပါတယ်။ ပြည်ဝင်ဗီဇာ (Entry Visa)ကို ၃၆ ဒေါ်လာကောက်ပြီးတော့ ၂၈ ရက်ခွင့်ပြုပါတယ်ခင်ဗျား။ ပြည်ဝင်ဗီဇာမှာတော့ ခွဲထားတာက အစည်းအဝေးနှင့်အလုပ်ရုံဆွေးနွေးပွဲတွေ၊ လူမှုရေးအလည်အပတ်ဗီဇာ (Social Visa)၊ သာသနာရေးဆိုင်ရာဗီဇာတို့ဖြစ်ပါတယ်။ ဒီနေရာမှာ အစည်းအဝေးနှင့်အလုပ်ရုံဆွေးနွေးပွဲအတွက် ၃၆ ဒေါ်လာနှင့် ၂၈ ရက်၊ သာသနာရေးဆိုင်ရာ ဗီဇာအတွက် ၃၆ ဒေါ်လာ၊ ရက်ပေါင်း ၉၀ ကျွန်တော်တို့ သတ်မှတ်ထားတာရှိပါတယ်။ ဖြတ်သန်းခွင့်ဗီဇာ (Transit Visa) နဲ့ပတ်သက်ပြီးတော့ ၁၈ ဒေါ်လာကောက်ခံပြီးတော့ ၂၄ နာရီနေခွင့်ရှိပါတယ်။ သံတမန်၊ သံအဖွဲ့ဝင်ဗီဇာ အခမဲ့ဖြစ်ပြီး တာဝန်ထမ်းဆောင်သည့်ကာလအတွင်း ခွင့်ပြုခြင်းဖြစ်ပါတယ်။ အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ဗီဇာက ၁၈၀ ဒေါ်လာသတ်မှတ်ပြီးတော့ ရက်ပေါင်း ၇၀ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများတွင် ဗီဇာရယူရန် အခက်အခဲရှိသူများအား အပြည်ပြည်ဆိုင်ရာလေဆိပ် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) တို့တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြားသားများအား အောက်ပါအတိုင်း ဗီဇာအမျိုးအစား သုံး မျိုးဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်သတ်မှတ်ထားသော အခငွေများ ကောက်ခံ၍ ဆိုက်ရောက်ဗီဇာ (Visa of Arrival) ထုတ်ပေးလျက်ရှိပါတယ်။ ၎င်းနောက် Business Visa ကိုဒေါ်လာ ၅၀ ကောက်ခံပြီး ရက်ပေါင်း ၇၀၊ Entry Visa ကိုတော့ ကျွန်တော်တို့ ၄၀ ဒေါ်လာ ကောက်ခံပြီး ၂၈ ရက်၊ Transit Visa ကို ၂၀ ဒေါ်လာကောက်ခံပြီး ၂၄ နာရီခွင့်ပြုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ပရှိ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝင်ချုပ်ရုံးများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသော ပြည်ပနိုင်ငံသားအဖြစ်ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်း နိုင်ငံခြားသားများအား ပြည်ဝင်ဗီဇာကြေးကောက်ခံရာ၌ အခြားနိုင်ငံခြားသားများထက် ပိုမိုကောက်ခံမှု လုံးဝ(လုံးဝ)မရှိပါကြောင်းနှင့် အခြားနိုင်ငံခြားသားများအား ကောက်ခံသည့်နည်းတူ တူညီသော သတ်မှတ်ပြည်ဝင်ဗီဇာကိုသာ ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီးတော့ နိုင်ငံခြားသားများ (မြန်မာနိုင်ငံသားဟောင်း နိုင်ငံခြားသားများ) ပြည်တွင်း၌နေခွင့် (Permanent Residence) အခွင့်အရေး မည်သည့်အချိန်တွင် စတင်နိုင်မည်ကို သိရှိလိုပါကြောင်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System-PR) နှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် မေလမှစတင်ကာ အာဆီယံဒေသတွင်း ကိုးနိုင်ငံ၊ ငါးနိုင်ငံတို့အပြင် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ၊ တောင်အာဖရိက၊ ဥပရောပနိုင်ငံအချို့၏ PR စနစ်အား လေ့လာ၍ နိုင်ငံတော်သမ္မတရုံးသို့ ၁၉-၉-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၀၀/၂(၃) (၄၂၉၁)ဖြင့် စီမံချက်မူကြမ်းအား တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးသည် (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ PR စနစ်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီးနောက် ၂၂-၁၀-၂၀၁၂ ရက်နေ့မှစတင်၍ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၂) ဖြင့် ဒုတိယသမ္မတ(၂) ဦးဆောင်၍ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ၁၀ ဦးပါဝင်သော မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) စီမံခန့်ခွဲရေးကော်မတီအား အောက်ပါအတိုင်းဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

| | | |
|---|---|---|
| (က) | နိုင်ငံတော်ဒုတိယသမ္မတ(၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး(ပြည်ထဲရေး) | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး(နိုင်ငံခြားရေး) | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး(ပညာရေး) | အဖွဲ့ဝင် |

(င) ပြည်ထောင်စုဝန်ကြီး(ဘဏ္ဍာရေး) အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး(စီမံကိန်း) အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး(ဆောက်လုပ်ရေး) အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး(အလုပ်သမား) အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်

(ည) အတွင်းရေးမှူး အဖွဲ့ဝင် ဖြစ်ပါတယ်။
(မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)

(ဋ) ပြည်ထောင်စုဝန်ကြီး(လူဝင်မှုကြီးကြပ်ရေး
နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန) က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တဲ့အဖွဲ့ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယသမ္မတ(၂)ဦးဆောင်သော PR စီမံခန့်ခွဲရေးကော်မတီဝင်များသည် ပထမအကြိမ်အဖြစ် ၃၁-၁၀-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၃၁-၁-၂၀၁၃ ရက်နေ့တွင်လည်းကောင်း အစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် Focal Ministry အဖြစ် တာဝန်ယူထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဤဝန်ကြီးဌာနအတွင်း၌လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း အကြိမ်ကြိမ် အစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပါတယ်။ ထို့အပြင် ဤဝန်ကြီးဌာန၏ PR လုပ်ငန်းကော်မတီမှလည်း သက်ဆိုင်ရာဘာသာရပ်တာဝန်ခံများနှင့် အစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပါတယ်။ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များဆွေးနွေးခဲ့ကြပါတယ်။ ၎င်းဆွေးနွေးပွဲများမှ ညှိနှိုင်းရရှိသော အချက်အလက်များအပေါ်တွင် အခြေခံ၍ နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ် စီမံချက်မူကြမ်း ရေးဆွဲနိုင်ခဲ့ပါတယ်။ အဆိုပါမူကြမ်းအား သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များ၊ ပြင်ဆင်ချက်များနှင့် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပြီးနောက် ညွှန်ကြားချက်နဲ့အညီ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပဏာမအဆင့် တင်ပြညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ PR စနစ်

စီမံချက်မူကြမ်းအပေါ်တွင် အခြေခံ၍ ရေးဆွဲထားသော နည်းဥပဒေမူကြမ်းအား ပြည်ထောင်စုရှေ့နေ ချုပ်ရုံးသို့ ပေးပို့စိစစ်ဆောင်ရွက်ပြီးလည်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်စနစ် PR နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား သိရှိနိုင်ပါရန် ကျွန်တော်က အကျဉ်းမျှ တင်ပြသွားမည်ဖြစ်ပါ တယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း တင်ပြအပ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေအရ နှစ်နိုင်ငံ၏ နိုင်ငံသားခံယူခွင့်ကို ခွင့်ပြုထားခြင်းမရှိပါ။ သို့ပါ၍ နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ပရှိ အခြားနိုင်ငံသားခံယူထားသော မြန်မာနိုင်ငံသား ဟောင်းများသည် မြန်မာနိုင်ငံက လက်ကမ်းကြိုဆိုနေသည့် စီးပွားရေးအခွင့်အလမ်းများကို ရယူ၍ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံလိုကြသော်လည်း အချို့မှာ ပြည်ပတွင် ရရှိခံစားပြီးသော ခံစား ခွင့်၊ ရပိုင်ခွင့်များကြောင့် တုံ့ဆိုင်းမှုများရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ နှစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် တစ်ချိန်တည်းရယူခွင့်ပြုသည့်စနစ်အား မြန်မာနိုင်ငံ ၏တည်ဆဲဥပဒေအရ ခွင့်မပြုနိုင်သော်လည်း နိုင်ငံတော်၏အကျိုး၊ မြန်နိုင်ငံသားဟောင်းများ၏ အကျိုး နှစ်ရပ်လုံးကိုဖော်ဆောင်နိုင်ရန်အတွက် အမြဲတမ်းနေထိုင်ခွင့်အား ခွင့်ပြုသည့်စနစ်ကို ချမှတ် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မိမိတို့ လက်ခံယူထားသည့် နိုင်ငံသားဖြစ်မှုကို ဒီစနစ်အရ စွန့်လွှတ်ရန်လိုအပ်ခြင်းမရှိစေဘဲ မြန်မာနိုင်ငံတွင် ကာလအပိုင်းအခြားဖြင့် နေထိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် များရရှိမည်ဖြစ်ပါတယ်ခင်ဗျား။

သို့ပါ၍ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်စနစ်ကျင့်သုံးဆောင်ရွက်နိုင်ရေးနှင့် အာဆီယံ ဒေသအတွင်း ငါး နိုင်ငံနှင့် အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ၊ တောင်အာဖရိကနိုင်ငံများရဲ့ အမြဲနေထိုင်ခွင့်ပြုသည့် စနစ်များအပေါ် လေ့လာသုံးသပ်၍ မြန်မာနိုင်ငံနှင့်ဆီလျော်တဲ့ အစီ အမံများကိုရေးဆွဲထားခြင်းဖြစ်ပါတယ်။ အဓိကကတော့ အမြဲနေထိုင်ခွင့်လျှောက်ထားသူများအတွက် အမျိုးအစား လေးမျိုးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမအမျိုးအစားကတော့ ကျွမ်းကျင်ပညာရှင်များဖြစ်ပါတယ်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးမှာ လုပ်ငန်းခွင်အတွေ့ အကြုံရှိသူ နိုင်ငံတော် လိုအပ်ချက်နှင့်ကိုက်ညီသော နိုင်ငံအကျိုးကိုဆောင်ရွက်နိုင်သူ ပညာရှင်ဖြစ် ရပါမယ်။ အဲဒီမှာပဲ နောက်အချက်တစ်ချက်ကတော့ သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာ

ရှင်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနမှ လက်ခံအတည်ပြုသည့် တရားဝင်အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အထောက်အထား တင်ပြနိုင်ရမှာဖြစ်ပါတယ်။

ဒုတိယအမျိုးအစားကတော့ ရင်းနှီးမြှုပ်နှံရေး စီးပွားရေးလုပ်ကိုင်လိုသူများသည် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သော ဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံသူဖြစ်ရပါမည်။ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့်ညီမျှသော ငွေကြေးပမာဏကို ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထား တင်ပြနိုင်သူဖြစ်ရပါမယ်ခင်ဗျား။

တတိယအမျိုးအစားကတော့ ကျွမ်းကျင်ပညာရှင်နှင့် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်သော နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ မြန်မာနိုင်ငံသားဟောင်းများဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် နေထိုင်စားသောက်ရေးအတွက် ငွေကြေးအလုံအလောက်ရှိသူ သို့မဟုတ် ၎င်း၏နေထိုင်စားသောက်ရေးအတွက် မြန်မာနိုင်ငံအတွင်း အခြေချနေထိုင်သော မြန်မာနိုင်ငံသားက တာဝန်ယူကြောင်း အာမခံချက်တင်သွင်းနိုင်သူဖြစ်ရမည်။ နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုဆောင်ရွက်နိုင်မည့် လုပ်ငန်းနယ်ပယ်အား တင်ပြနိုင်သူဖြစ်ရမည်။

စတုတ္ထအမျိုးအစားကတော့ မြန်မာနိုင်ငံသားနှင့် ဆက်စပ်သော နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ နိုင်ငံခြားသားများအတွက်ဖြစ်ပါတယ်။ ဒါကတော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့် သက်ဆိုင်သည့် အခြားတည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လက်ထပ်ထားသော အိမ်ထောင်သက်တမ်း အနည်းဆုံး နှစ်နှစ်ရှိပြီး လက်ရှိမြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းမှ တစ်ပါး အခြား တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းရှိသူ မဟုတ်ကြောင်း ကိုယ်တိုင်ကတိကဝတ်ပြုပြီးသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းအတွက် လျှောက်ထားခြင်းဖြစ်ရမည်။ ၎င်းနိုင်ငံခြားသားသည် လက်ရှိ မြန်မာနိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းမှအပ အခြားတရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းရှိသူ မဟုတ်ကြောင်း ၎င်းနိုင်ငံခြားသား၏ နိုင်ငံရှိ တရားရုံးတွင် ကျမ်းကျိန်လွှာ သို့မဟုတ် တရားဝင် အထောက်အထားကို သက်ဆိုင်ရာအစိုးရ အသိအမှတ်ပြု Notary Public မှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတင်ပြရမည်ဆိုပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်

များနှင့်အညီ မြန်မာနိုင်ငံသားနှင့်လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းတို့မှ တရားဝင်မွေးဖွားသော သို့မဟုတ် တရားဝင်မွေးစားသော အိမ်ထောင်မပြုသေးသည့် အသက် ၁၈ နှစ်အောက် တရားဝင်သားသမီးများအတွက် လျှောက်ထားခြင်းဖြစ်ရမည်။

နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်အားတင်ပြနိုင်သူဖြစ်ရမည်။ မြန်မာနိုင်ငံသားနှင့်ဆက်စပ်သော နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ နိုင်ငံခြားသားများအတွက် အမြဲနေထိုင်ခွင့်လျှောက်ထားရာတွင် ခွင့်ပြုချက်မရမီ တာဝန်ခံလျှောက်ထားသူ မြန်မာနိုင်ငံသားသည် အောက်ပါဖြစ်စဉ်များဖြစ်ပေါ်ပါက အမြဲနေထိုင်ခွင့်လျှောက်ထားမှုပျက်ပြယ်စေရမည်။ သေဆုံးခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ အမြဲတမ်းနေထိုင်ခွင့်ရရှိသူအား တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်း ကွာရှင်းပြတ်စဲခြင်း၊ အမြဲတမ်း နေထိုင်ခွင့်ရရှိသူအား တရားဝင် သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်းတို့ဖြစ်ပါတယ်ခင်ဗျား။ အမြဲတမ်းနေထိုင်ခွင့်သက်တမ်းအနေနဲ့ အောက်ပါအတိုင်းဖြစ်ပါတယ်။

အမြဲနေထိုင်ခွင့် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်အတွက် ကနဦး ငါးနှစ်သက်တမ်း ခွင့်ပြုမည်ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပြီး အမြဲနေထိုင်ခွင့် ငါးနှစ်သက်တမ်းကာလအတွင်း တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းအတည်ပြုမှတ်ပုံတင်နိုင်ရေးအတွက် တစ်နှစ်ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာဌာနစိပ်ကို ကာယကံရှင်ကိုယ်တိုင်သွားပြီး လာရောက်၍ မှတ်ပုံတင်ရမည်။ အမြဲနေထိုင်ခွင့်သက်တမ်းငါးနှစ်ပြည့်ပြီးပါက ထပ်မံ၍ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းတိုးလျှောက်ထားနိုင်ပါတယ်။ အမြဲနေထိုင်ခွင့်ရရှိသူ လိုက်နာရမည့်တာဝန်များကတော့ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာ၍ ကောင်းမွန်စွာနေထိုင်ရပါမယ်။ မြန်မာနိုင်ငံအတွင်း ကျူးလွန်သောပြစ်မှုများအတွက် မြန်မာနိုင်ငံ၏ တရားဥပဒေအရ စီရင်အပြစ်ပေးခြင်းခံရမည်ဖြစ်ပါတယ်။ အမြဲတမ်းနေထိုင်ခွင့် ခွင့်ပြုကြောင်း စတင်အကြောင်းကြားသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကာယကံရှင်ကိုယ်တိုင် အမြဲနေထိုင်ခွင့်လက်မှတ်ကို လာရောက်ထုတ်ယူရမည်။ ထုတ်ယူနိုင်ခြင်းမရှိက ခိုင်လုံသောအကြောင်းပြချက် အချိန်မီတင်ပြရမည်ဖြစ်ပါတယ်။ အမြဲတမ်းနေထိုင်ခွင့်တစ်နှစ်ပြည့်ပြီးတိုင်း ရက်ပေါင်း ၃၀ အတွင်း နေခွင့်သက်တမ်း အတည်ပြုမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရပါမယ်။ ထိုသို့ ဆောင်ရွက်သည့်အခါတွင် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို တစ်ပါတည်း

တင်ပြရမည်ဖြစ်ပါတယ်။ အမြဲနေထိုင်ခွင့် သက်တမ်းတိုးမြှင့်လျှောက်ထားလိုပါက သက်တမ်း ငါးနှစ် မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၉၀ အလိုတွင် သက်တမ်းတိုးလိုကြောင်း လျှောက်ထားရပါမယ်။ ကနဦးလျှောက်ထားစဉ်က တင်ပြခဲ့သည့် စာရွက်စာတမ်း အထောက်အထားများနှင့် ကာယကံရှင် ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ပါတယ်။

အမြဲတမ်းနေထိုင်ခွင့် ငါးနှစ်သက်တမ်းအတွင်း မြန်မာနိုင်ငံပြင်ပတွင် တစ်နှစ်နှင့်အထက် တစ်ဆက်တစ်စပ်တည်းနေထိုင်လိုပါက ခိုင်လုံသောအကြောင်းပြချက်နှင့် တင်ပြရပါမည်။ သို့မဟုတ် ပါက နောက်တစ်ကြိမ် သက်တမ်းတိုးသည့်အခါတွင် ငြင်းပယ်ခြင်းခံရမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အတွင်း ရရှိသည့်ဝင်ငွေပေါ် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ပေးဆောင်ရပါမယ်။ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူတစ်ဦး၏ ခံစားခွင့်ရရှိသော အခွင့်အရေးများနှင့်အနေနဲ့ကတော့ အမြဲ တမ်းနေထိုင်ခွင့် ခွင့်ပြုချက်ရရှိထားသူအနေနဲ့ စုပေါင်းပိုင်အဆောက်အအုံ၊ တိုက်ခန်းများ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ အမြဲနေထိုင်ခွင့် ရရှိထားသူအမည် နှင့်ဝယ်ယူထားသည့် စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်းတွင် အမြဲနေထိုင်ခွင့် အိမ်ထောင်စုလူဦးရေ စာရင်းပြုလုပ်ခွင့်ရှိပါတယ်။ အမြဲနေထိုင်ခွင့်ပြုချက်ရယူထားသူအနေနဲ့ အောက်ပါအတိုင်း တော်စပ် သူများအား အမြဲတမ်းနေထိုင်ခွင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် ထည့်သွင်းနိုင်ခွင့်ရှိပါတယ်။ ထိုသူ များသည် အမြဲတမ်းနေထိုင်ခွင့်ရရှိသူများဖြစ်ပါက တည်ဆဲလူဝင်မှုကြီးကြပ်ရေးဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါတယ်။ တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်း၊ တရားဝင် မိဘနှစ်ပါး၊ လျှောက်လွှာတင်သည့်နေ့တွင် အသက် ၁၈ နှစ်အောက် အိမ်ထောင်မရှိသော သားသမီး၊ အမြဲ နေထိုင်ခွင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နေထိုင်သော အထက်ဖော်ပြပါ မိသားစုများသည် အခြေချနေထိုင်ခွင့်မရှိသည့် ဗီဇာဖြင့်ဝင်ရောက်နိုင်ပြီး နေခွင့်သက်တမ်းတိုးမြှင့်လျှောက်ထားခွင့်ရှိပါ တယ်။ အမြဲနေထိုင်ခွင့်ရရှိထားသူသည် မြန်မာနိုင်ငံအတွင်းသို့ အမြဲနေထိုင်ခွင့်သက်တမ်းမကုန်ဆုံးမီ အချိန်အထိ အမြဲနေထိုင်ခွင့်လက်မှတ်ဖြင့် အကြိမ်ကြိမ်ဝင်ထွက်ခွင့်ရှိသည်။ သို့ရာတွင် သက်ဆိုင်ရာ နိုင်ငံ၏သက်တမ်းရှိသော နိုင်ငံကူးလက်မှတ် ပတ်စ်ပို့နှင့် ပူးတွဲကိုင်ဆောင်ရမှာဖြစ်ပါတယ်။ မြန်မာ နိုင်ငံသားဟောင်းများသည် အမြဲနေထိုင်ခွင့်ဖြင့် မြန်မာနိုင်ငံတွင် ငါးနှစ်နေထိုင်ပြီးက နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်ပေးနိုင်ပါရန် လျှောက်ထား ခွင့်ရှိပါတယ်။ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခြင်းခံရပါက အခြားနိုင်ငံသားအဖြစ်ကို

စွန့်လွှတ်ရပါမယ်။ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခြင်းမခံရပါက ၎င်း၏ အမြဲနေထိုင်ခွင့် ရရှိမှုအနေအထားကို ဆက်လက်ခံစားခွင့်ပြုရန် ထပ်မံလျှောက်ထားနိုင်ပါတယ်။

အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူတစ်ဦး၏ ကိုယ်ပိုင်သုံးပစ္စည်းများ အမြဲနေထိုင်ခွင့်ရရှိပြီး ရက်ပေါင်း ၉၀ အတွင်း တင်သွင်းပါက အကောက်ခွန်ဦးစီးဌာန ၁၀-၈-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၇ (က) ၂၀၀၇ နှင့်အညီ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါတယ်။ နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော ကန့်သတ်နယ်မြေ သို့မဟုတ် တားမြစ်နယ်မြေများမှ ကျန်နယ်မြေများသို့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သွားရောက်နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော ဥပဒေများနှင့်အညီ မိမိအားခွင့်ပြုထားသည့် လုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း နိုင်ငံသားများနည်းတူ ကျန်းမာရေးဆိုင်ရာ ဆေးဝါးကုသခွင့်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်နှင့်အညီ ပညာသင်ခွင့်ရှိပါတယ်။ တားမြစ်ချက်များအနေနဲ့ကတော့ အမြဲနေထိုင်ခွင့်ဖြင့် လာရောက်နေထိုင်သူများသည် အောက်ပါတားမြစ်ချက်များကို လိုက်နာရပါမယ်။ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ပြည်သူမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်အဖြစ်သို့လည်းကောင်း ရွေးချယ်ခံပိုင်ခွင့်မရှိစေရ။ မဲဆန္ဒနယ်မြေများနှင့် လွှတ်တော်တစ်ရပ်ရပ်အတွက် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ။ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများတွင် နိုင်ငံတော် ဘဏ္ဍာငွေရယူခံစားသည့် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မှုမရှိစေရတို့ဖြစ်ပါတယ်။

အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းဖြစ်ပါတယ်။ အမြဲနေထိုင်ခွင့်ရရှိသူများဟာ စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်အကျိုးငှာ အခါအားလျော်စွာ ထုတ်ပြန်သည့် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ အားလုံးကိုဖြစ်စေ ကျူးလွန်ဖောက်ဖျက်ခြင်း၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများတွင်ပါဝင်ခြင်း၊ လှုပ်ရှားခြင်း၊ ဆောင်ရွက်ခြင်း၊ ထောက်ပံ့ကူညီခြင်း၊ လူမျိုးရေး၊ ဘာသာရေးသွေးကွဲစေရန် လှုပ်ရှားခြင်း၊ ထောက်ပံ့ကူညီခြင်း မူလလျှောက်ထားချက်တွင်ပါဝင်သည့် အချက်အလက်များမမှန်ကန်ကြောင်း၊ လိမ်လည်ဖော်ပြကြောင်း၊ အတုပြုလုပ်ကြောင်း၊ တရားမဝင်ဖန်တီးကြောင်း တွေ့ရှိရခြင်း၊ အမြဲနေထိုင်ခွင့်လျှောက်ထားရန်ရည်ရွယ်၍ လက်ထပ်ခြင်းဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရခြင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် အခြားတည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသားဇနီး သို့မဟုတ် ခင်ပွန်းအတွက် အမြဲနေထိုင်ခွင့် ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာ

နိုင်ငံသား ဇနီး သို့မဟုတ် ခင်ပွန်းသည် နိုင်ငံသားအဖြစ်မှ ရပ်စဲ သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ တရားဝင် ဇနီး သို့မဟုတ် ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ နောက်အိမ်ထောင်ပြုခြင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းများနှင့် သက်ဆိုင်သည့် အခြားတည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး၊ ခင်ပွန်းတို့မှ တရားဝင်မွေးဖွားသော အိမ်ထောင်မပြုရသေးသူ အသက် ၁၈ နှစ်အောက် တရားဝင်သားသမီးများ အမြဲနေထိုင်ခွင့် ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံသား မိဘသည် နိုင်ငံသားအဖြစ်မှ ရပ်စဲ သို့မဟုတ် ရုပ်သိမ်းခံရခြင်း ၎င်းသားသမီးသည် တရားဝင်သားသမီးအဖြစ်မှ စွန့်လွှတ်ခံရခြင်း၊ ကျွမ်းကျင်ပညာရှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဖြစ်ပါက အမြဲနေထိုင်ခွင့် ခွင့်ပြုပြီး သုံးနှစ်အတွင်း မူလအလုပ်ဝင်ခဲ့သော လုပ်ငန်းအား စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲလုပ်ကိုင်ခြင်း၊ အမြဲနေထိုင်ခွင့် တစ်နှစ်သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၁၈၀ ပြည့်သည့်နေ့အထိ လာရောက်မှတ်ပုံတင်မှုမရှိခြင်း၊ အမြဲနေထိုင်ခွင့်တားမြစ်ချက်များ၊ သတ်မှတ်ချက်များ ချိုးဖောက်ခြင်းနှင့် လိုက်နာရမည့်တာဝန်များကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အခွန်ထမ်းဆောင်ခြင်းမပြုဘဲ အခွန်တိမ်းရှောင်ခြင်း၊ အမြဲနေထိုင်ခွင့်ပြုခြင်း၊ မပြုခြင်းရုပ်သိမ်းခြင်းဆိုင်ရာ အခွင့်အာဏာကို စီမံခန့်ခွဲမှုကော်မတီသို့ အပ်နှင်းထားသည်နှင့်အညီ အကြောင်းပြချက်တစ်စုံတစ်ရာ ထုတ်ပြန်ရန်မလိုဘဲ ကော်မတီ၏ဆုံးဖြတ်ချက်သည် ပြီးပြတ်ရမည်ဖြစ်ပါသည်။

အထွေထွေပိုင်းအနေနဲ့ အမြဲနေထိုင်ခွင့်ပြုသည့် အရေအတွက်အား ဦးစားပေးအလိုက် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သောအရည်အချင်းကို အကဲဖြတ်အမှတ်ပေးစနစ်နှင့် ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ခုဖြစ်သည့် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လတ်တလော ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၄ (၂) တွင် ဗီဇာကိစ္စများ၊ နေထိုင်ခွင့်ကိစ္စများ ပုဒ်မ ၁၁ တွင် အခငွေကောက်ခံသည့်ကိစ္စများနှင့် ပုဒ်မ ၁၆ တွင် နည်းဥပဒေများပြုနိုင်သည်ဟုပါရှိပြီးဖြစ်ခြင်းကြောင်း အမြဲနေထိုင်ခွင့်စနစ်ကို အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းဥပဒေအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်ခင်ဗျား။ အမြဲနေထိုင်ခွင့်လုပ်ငန်းအား အကောင်အထည်ဖော်ရာတွင် စနစ်တကျရှိစေရေးအတွက် အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီမှ လိုအပ်သော အမြဲနေထိုင်ခွင့် စိစစ်ခွင့်ပြုထုတ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်သွားမည်ဖြစ်

ပါကြောင်း အတိုချုံး ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီး ရှင်းလင်းတင်ပြသွားတာ PRနှင့်ပတ်သက်ပြီးတော့ နည်းဥပဒေ ထုတ်ပြန်ဖို့ကိစ္စဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရ နည်းဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ခံ တာဝန်ယူထုတ်နိုင်တဲ့အတွက် အခုအများလည်း ဒီကိစ္စနဲ့ပတ်သက်လို့ မျှော်လင့်နေတာဖြစ်လို့ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုအစိုးရကိုတင်ပြပြီး နည်းဥပဒေထုတ်နိုင်ပါကြောင်း လွှတ်တော်မှတစ်ဆင့် ပြန်လည်တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဟုမ္မလင်းမြို့နယ်အတွင်း နေထိုင်သော ရှမ်းနီ(ခ)တိုင်းနိုင်းတိုင်းရင်းသားများသည် သန်းခေါင်စာရင်း ကောက်ယူရာတွင် အခက်အခဲများ ကြုံတွေ့နေရခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့

ကိုယ်စား ကျွန်တော်ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်အား မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း နေထိုင်ကြတဲ့ ၁၇၀၀၀၀ မျှသော ရှမ်းတိုင်းရင်းသားများဟာ ရှမ်းနီ(ခ) တိုင်းနိုင်း တိုင်းရင်းသားများဖြစ်ကြပါတယ်။ မကြာမီကောက်ယူတော့မယ့် သန်းခေါင်းစာရင်းကောက်ယူရာမှာ မိမိတို့ခံယူလိုတဲ့တိုင်းရင်းသာ အမည်ဖော်ထုတ်ပြောဆိုရန် အခက်အခဲကြုံတွေ့နေရပါတယ်။ ရှမ်းနီတိုင်းရင်းသားများနှင့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတူညီတဲ့ မျိုးနွယ်စုဝင် ရှမ်းနီတိုင်းရင်းသားများဟာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ အများဆုံးနေထိုင်ကြပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ရှမ်းမျိုးနွယ်စု ၃၃ မျိုးထဲမှာ ရှမ်းနီ(ခ) တိုင်းနိုင်း(ခ) တိုင်းလိုင်း လူမျိုးနွယ်စုဟာ Code နံပါတ်မပါရှိပါ။ အနီရောင်ကို စစ်ကိုင်းတိုင်းဒေသမှာရှိတဲ့ ရှမ်းနီများက နိုင်းလို့သုံးစွဲပြီးတော့မှ ကချင်ပြည်နယ်နှင့်ဧရာဝတီမြစ် ရိုးတစ်လျှောက်မှာရှိတဲ့ရှမ်းနီများက လိုင်းလို့သုံးစွဲကြပါတယ်။ သန်းခေါင်းစာရင်းကောက်ယူတဲ့အခါမှာ မိမိတို့အမှန်တကယ်ခံယူလိုကြတဲ့ ရှမ်းနီလို့ဖြေဆိုပါက ရှမ်းအမျိုးအနွယ်စု ၃၃ မျိုးထဲမပါဝင်တော့ဘဲ အခြားလူမျိုးစာရင်းထဲ ရောက်ရှိသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် မူလတိုင်းရင်းသားစာရင်းထဲမှာမပါရှိတော့ဘဲနဲ့ နိုင်ငံသားစာရင်းတွင် ပါရှိသွားမှာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ ရှမ်းနီမျိုးနွယ်စုပျောက်ကွယ်သွားမှာကို စိုးရိမ်နေကြပါတယ်။ ရှမ်းလို့ဖြေဆိုလိုက်ပါက ရှမ်းနီမျိုးနွယ်စုပျောက်ကွယ်သွားပြီး ရှမ်းမျိုးနွယ်စုကြီးထဲ ပါသွားပြီးတော့မှ သီးခြား Code နံပါတ် မရနိုင်တော့ပါဘူး။ ရှမ်းနီတိုင်းရင်းသားများနည်းတူ အခြားတိုင်းရင်းသားမျိုးနွယ်စုများလည်း အခုလိုပဲ စိုးရိမ်ကြောင့်ကြမှုရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ မိမိတို့ခံယူလိုတဲ့ တိုင်းရင်းသားမျိုးနွယ်စု အမည်ပေါ်ပေါက်ရေးကို မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုနေကြပါတယ်။ ဒါကြောင့် မေးမြန်းလိုသည်မှာ (၁) Code နံပါတ်များပြောင်းလဲသွားနိုင်မှုရှိ/မရှိ။ (၂) တိုင်းရင်းသားလူမျိုးစု အမည်မှန်များပေါ်ထွက်လာနိုင်ခြင်းရှိ/မရှိ။(၃) လူမျိုးနွယ်စု အမည်ထပ်နေခြင်းများ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ။ (၄) အမှန်တကယ်မရှိတဲ့ တိုင်းရင်သားမျိုးနွယ်စု အမည်များ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့် (၅) အမှန်တကယ်ရှိနေတဲ့ တိုင်းရင်းသားမျိုးနွယ်စုများကို Code နံပါတ်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိတို့ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

[ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ် ကိုယ်စား ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ မေးမြန်းပါသည်။ ]

24-3-2014(record)

မူကြမ်း

**သန်းခေါင်စာရင်းကောက်ယူရာတွင် ကချင်မျိုးနွယ်စု အားလုံးကို ကချင်တိုင်းရင်းသားလူမျိုးဟု သတ်မှတ်ကြေငြာပေးရန်နှင့် သန်းခေါင်စာရင်း ကောက်ယူပြီးစီး၍ စာရင်းများပြန်လည်ပြုစုရာတွင် ကချင်မျိုးနွယ်စုအားလုံး၏ သဘောတူညီချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြု မှတ်တမ်းတင်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ (အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့မေးမြန်းသွားမယ့် မေးခွန်းကတော့ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအစီအစဉ်မှာ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် သက်ဆိုင်တဲ့ မေးခွန်း(၃)ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့ရည်ရွယ်ချက်နဲ့ အကြောင်းပြချက်အနည်းငယ် တင်ပြလိုပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေ၊ အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူရန် ရက်အနည်းငယ်ပဲ ကျန်တော့တဲ့အခြေအနေမှာ ဒီကချင်တိုင်းရင်းသားလူမျိုးများအတွင်းမှာ မေးခွန်းပုံစံ (၈) လူမျိုးနဲ့ပတ်သက်တဲ့ဇယားကို ဖြေဆိုတဲ့အခါမှာ တိကျသေချာမှုရှိစေရန်နဲ့ ဝိရောဓိများ၊ သံသယဖြစ်မှုများ ရှေးချယ်ရန်ခက်ခဲနေတဲ့အခြေအနေတွေကို အောင်မြင်ကျော်လွှားနိုင်ဖို့အတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်မေးခွန်းပုံစံ (၈) လူမျိုးနှင့်ပတ်သက်ပြီး ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူစဉ်က လူမျိုးစာရင်းကို အခြေခံထားရာမှာ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်ပတ်သက်ပြီး ဒေသအခေါ်အဝေါ်များရောထွေးနေခြင်း၊ စာလုံးပေါင်းမှားယွင်းခြင်း၊ အချို့မျိုးနွယ်စုများကျန်နေခြင်းများ ရှိနေပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ကချင်မျိုးနွယ်စုများရဲ့ ဘုံနာမည်ဖြစ်တဲ့ ကချင်ကို မျိုးနွယ်စုစာရင်းမှာ ထည့်သွင်းပြီး Code နံပါတ် 101 လို့ သတ်မှတ်ကာမေးခွန်းဖြေဆိုရန်ဇယား ပါဝင်နေခြင်းဖြစ်ပါတယ်။ ကချင်တိုင်းရင်းသားများဟာ ကချင်ဟူတဲ့ဘုံနံမည်ကို ချစ်ခင်မြတ်နိုးပြီး ထာဝစဉ်ထိန်းသိမ်းလိုကြသကဲ့သို့ မိမိတို့ရဲ့မျိုးနွယ်စုများကိုလည်း တန်ဖိုးထားဂုဏ်ယူကြသူများဖြစ်ပါတယ်။ ကချင်တိုင်းရင်းသားလူမျိုး မျိုးနွယ်စုတိုင်းမှာ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှုအမှတ်လက္ခဏာများ တန်ဖိုးထားမှုများ ကိုယ်စီရှိကြတဲ့အတွက် မိမိတို့ရဲ့မျိုးနွယ်စုများရဲ့တည်ရှိမှုဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ

ရှိနေပါတယ်။ သို့သော်ယခုအခါ ကချင် 101 Code နဲ့ပတ်သက်ပြီး ကချင်တိုင်းရင်းသားမျိုးနွယ်စုများအတွင်း ဒွိဟနှင့် ဝိရောဓိများဖြစ်ပွားနေပြီး ငြင်းခုန်မှုများကြုံတွေ့နေကြရပါတယ်။ တချို့က ဘုံနာမည်ဖြစ်တဲ့ ကချင် 101 မှာ ဖြေဆိုရန်တိုက်တွန်းကြပြီး တချို့က မိမိတို့ပါဝင်တဲ့ မျိုးနွယ်စုသတ်မှတ်ချက်တွေ ဖြေဆိုရန်တိုက်တွန်းနေကြပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာမှာကျင်းပတဲ့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက သန်းခေါင်စာရင်းဆိုတာ လူဦးရေစုစုပေါင်း အရေအတွက်လောက်ကိုသာ ဖော်ထုတ်ရရှိလာတာမဟုတ်ဘဲ နိုင်ငံလူဦးရေ၊ နိုင်ငံတည်ရှိမှုနဲ့ မျိုးနွယ်စုများ ပါဝင်ဖွဲ့စည်းမှုတို့ကိုပါဖော်ညွှန်းနိုင်တဲ့အတွက် အလွန်အရေးကြီးတဲ့ လုပ်ငန်းလို့ဆိုနိုင်ကြောင်း ဒီသန်းခေါင်စာရင်းကနေ နိုင်ငံတည်ရှိမှု၊ လူမျိုးစုတွေဖွဲ့စည်းပါဝင်မှုအင်အားနဲ့ အမျိုးသားပေါင်းစည်းမှုတွေကို မှန်ကန်တဲ့ ကိန်းဂဏန်းပေါ်အခြေတည်ပြီး ကမ္ဘာကိုထုတ်ဖော်ပြသနိုင်မှာဖြစ်ကြောင်း မြွက်ကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မြွက်ကြားချက်များဟာ ကချင်တိုင်းရင်းသား မျိုးနွယ်စုများရွေးချယ်ရမယ့်လမ်းကိုဖော်ပြနေတယ်လို့ကျွန်မအနေနဲ့ သိမြင်ခဲ့ရပါတယ်။ ကချင်တိုင်းရင်းသားများအတွင်း ၂၀၁၄ ခုနှစ်၊ သန်းခေါင်းစာရင်းကောက်ယူမှုနှင့်ပတ်သက်ပြီး ကျယ်ကျယ်လောင်လောင်နဲ့ စိုးရိမ်ပူပန်မှုများရှိနေခြင်းဟာဆိုလို့ရှိရင်လည်း ဘုံနာမည်ဖြစ်တဲ့ ကချင်နဲ့ မျိုးနွယ်စုအသီးသီးမှာ ပါဝင်နိုင်ရေးဖြစ်ပါတယ်။ လက်ရှိဇယားမှာတော့ ကချင်တိုင်းရင်းသားများအတွက် ရွေးချယ်မှုနှစ်ခုဖြစ်နေပါတယ်။ မျိုးနွယ်စုအတွင်းရွေးချယ်မှုနဲ့ ဘုံဖြစ်တဲ့ကချင် 101 ရွေးချယ်မှုဖြစ်ပါတယ်။ ကချင် 101 ကိုဖြေဆိုမယ်ဆိုရင် ဘုံဖြစ်တဲ့မျိုးနွယ်စုများ ပြန်လည်ရွေးထုတ်ရန် အလွန်ခက်ခဲသွားနိုင်တယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ပါတယ်။ မျိုးနွယ်စုအသီးသီးရဲ့အမည်မှာ ဖြေဆိုမယ်ဆိုရင်တော့ တိကျမှန်ကန်တဲ့မျိုးနွယ်စုစာရင်းကို ရရှိနိုင်ရုံမကဘူး မျိုးနွယ်စုအားလုံးကို စုပေါင်းခြင်းဖြင့် ကချင်ဟူတဲ့ ဘုံအမည်ဖြစ်တဲ့ ကချင်လူမျိုးစာရင်းကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကချင်တိုင်းရင်းသားလူမျိုးတို့ရဲ့ လှပတဲ့အနာဂတ်ကိုဖန်တီးနိုင်ရေး၊ နိုင်ငံတော်ရဲ့ အလွန်အရေးကြီးတဲ့ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်မှာ ကချင်တိုင်းရင်းသားလူမျိုး မျိုးနွယ်စုအားလုံး သံသယကင်းရှင်းစွာဖြင့် အနာဂတ်မျှော်လင့်ချက်များစွာဖြင့် အားလုံးပါဝင်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ရွေးချယ်မှုများယွင်းခြင်းကင်းပြီး မှန်ကန်တဲ့ရွေးချယ်မှုနဲ့ မိမိတို့ကချင်တိုင်းရင်းသားမျိုးနွယ်စုများရဲ့ အနာဂတ်ကိုဖန်တီးနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းများကတော့ (၁)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်းကောက်ယူခြင်း၊ မေးခွန်းပုံစံ (၈) လူမျိုးဇယားကိုဖြေဆိုရာတွင် ကချင်လူမျိုးဟုဖြေကြားလာပါက စာရင်းကောက်ယူသူများအနေဖြင့် မည်သည့်မျိုးနွယ်စုဖြစ်ပါသလဲဟူသည့် ဒုတိယမေးခွန်းကိုထပ်မံမေးမြန်းပြီး ပြန်လည်ဖြေဆိုမည့် မျိုးနွယ်စုအမည်၏ Code နံပါတ် သတ်မှတ်ချက်ကိုပါ စာရင်းတွင် ဖြည့်စွက်ပေးပါရန် အချိန်မီ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ (၂) ကချင်တိုင်းရင်းသားလူမျိုးတွင်ပါဝင်သော Code နံပါတ် သတ်မှတ်ထားသော မျိုးနွယ်စုများနှင့် Code နံပါတ် သတ်မှတ်ချက်တွင်မပါဝင်သဖြင့် အခြားစာရင်းတွင်ပါဝင်သွားမည့် ကချင်မျိုးနွယ်စုများအားလုံးကို စုပေါင်း၍ ကချင်တိုင်းရင်းသားလူမျိုးဟု သတ်မှတ်ကြေညာမှတ်တမ်းတင်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းကိုနိဂုံးချုပ်လိုက်ပါ။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ (၃) ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုပြီးစီး၍ တိုင်းရင်းသားများ၏ မျိုးနွယ်စုစာရင်းများ မှန်ကန်တိကျအောင် ပြန်လည်ပြုစုရာတွင် ကချင်တိုင်းရင်းသားလူမျိုးတွင်ပါဝင်သော မျိုးနွယ်စုများအားလုံး၏ သဘာတူညီချက်ရယူပြီး နောင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုမှတ်တမ်းတင်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ တို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ် နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တစ်ပေါင်းတည်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော် ဟုမ္မလင်းမဲဆန္ဒနယ် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးအေးရဲ့မေးခွန်းကို ပထမဦးစွာ ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးအေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အတွင်း နေထိုင်သော ရှမ်းတိုင်းရင်းသားများထဲမှ ရှမ်းနီ(ခ)တိုင်းနိုင်း တိုင်းရင်းသားများဟာ သန်းခေါင်စာရင်းကောက်ယူရာမှာ မိမိခံယူလိုတဲ့ တိုင်းရင်းသားအမည်ဖော်ထုတ်ပြောဆိုရန် အခက်အခဲကြုံတွေ့နေရပြီး ရှမ်းနီမျိုးနွယ်စုပျောက်ကွယ်သွားမည်ကို စိုးရိမ်နေပါသဖြင့် မိမိတို့ခံယူလိုသော တိုင်းရင်းသားမျိုးနွယ်စုအမည်ပေါ်ပေါက်ရေးကို မည်သို့ဆောင်ရွက်ရမည်ကိုသိရှိလိုခြင်း၊ သန်းခေါင်စာရင်း ကောက်ယူပြီးသည့်အခါမှာ Code နံပါတ်များ ပြောင်းလဲသွားနိုင်မှုရှိ/မရှိ၊ တိုင်းရင်သားလူမျိုးစု အမည်မှန်များပေါ်ထွက်လာနိုင်ခြင်းရှိ/မရှိ၊ လူမျိုးနွယ်စုအမည်ထပ်နေခြင်းများအား ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ၊ အမှန်တကယ်မရှိသော တိုင်းရင်းသားမျိုးနွယ်စုအမည်များ ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တိုင်းရင်းသားမျိုးနွယ်စုကို Code နံပါတ်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ စသည်တို့ကိုသိရှိလိုပါကြောင်းစပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်းဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားမျိုးနွယ်စုစာရင်းများ သတ်မှတ်ပြုစုရာမှာ ၁၉၃၁ ခုနှစ် ဗြိတိသျှကိုလိုနီလက်ထက်ကပင် သန်းခေါင်စာရင်းကောက်ယူဖော်ထုတ်တွေ့ရှိသည့် လူမျိုးစုစာရင်းများအရလည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်မှာ ကောက်ယူရရှိသည့် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပြုချက်များအရလည်းကောင်း၊ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီရဲ့ ညှိနှိုင်းချက်အရလည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုစာရင်းအား အဆင့်ဆင့်စစ်ဆေးဖော်ပြခဲ့ကြောင်းလည်းလေ့လာတွေ့ရှိရပါတယ်။ ၁၉၇၃ ခုနှစ်၊ သန်းခေါင်းစာရင်းအရ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရှိခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းမှာလည်းပဲ ၁၉၇၃ ခုနှစ်မှာ တွေ့ရှိခဲ့သော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုအခြေခံ၍ ဂဏန်းသင်္ကေတပြုစုခဲ့ကြောင်းလည်း အထောက်အထားများအရ တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင်လည်း လက်ရှိရှိပြီးအသုံးပြုနေသည့် ယခင်အသုံးပြုခဲ့သော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးစာရင်းကို အခြေခံစာရင်းအဖြစ်သာ အသုံးပြုခြင်းဖြစ်ပါတယ်။ လက်ရှိမြေပြင်အနေနှင့်

အမှန်တကယ် မှန်ကန်ကိုက်ညီမှုရှိ/မရှိ ပြန်လည်စိစစ်နိုင်ရန်အတွက် လက်ရှိ ရှိပြီးကိန်းဂဏန်းအပေါ် မှာအခြေခံပြီးတော့မှ ကနေဦးအဆင့် စတင်ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူပြီးစီးသည့်အခါ ကောက်ယူရရှိမှုအပေါ် မူတည်ပြီးတော့မှ လက်ရှိအခြေအနေမှာ လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများရှိ/မရှိ၊ အမည်သတ်မှတ်ချက် သတ်ပုံ သတ်ညွှန်းမှအစ မှန်ကန်ကိုက်ညီမှု ရှိ/မရှိတို့အား ပြန်လည်အတည်ပြုသွားနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းပထမပိုင်းမှာပါသော ရှမ်းနီ(ခ)တိုင်းနိုင်း တိုင်းရင်းသားများသည် သန်းခေါင်းစာရင်း ကောက်ယူရာမှာ မိမိခံယူလိုသော တိုင်းရင်းသားအမည်ဖော်ထုတ်ပြောဆိုရန် အခက်အခဲကြုံတွေ့နေ ရပြီး ရှမ်းနီမျိုးနွယ်စုပျောက်ကွယ်သွားမည်ကို စိုးရိမ်နေပါသဖြင့် မိမိတို့ခံယူလိုသော တိုင်းရင်းသား မျိုးနွယ်စုအမည်ပေါ်ပေါက်ရေးကို မည်သို့ဆောင်ရွက်ရမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့မှ ၂၀၁၄ ခုနှစ် လူဦးရေ၊ အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူရာမှာ လူမျိုးအမည် ရွေးချယ်ခြင်း၊ တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါတယ်။ တိုင်းရင်းသားများ အတွက် လူမျိုးမေးခွန်းဟာ ဖြေဆိုသူ၏ဆန္ဒအရ ပြောဆိုခွင့်ရှိခြင်းကြောင့် ဖြေဆိုသူမှပြောကြားသည့် အတိုင်း ရေးသွင်းသွားမည်ဖြစ်ပါတယ်။ လူမျိုးဂဏန်းသင်္ကေတမှာ ရှမ်းနီ(ခ)တိုင်းနိုင်းမျိုးနွယ်စုမပါရှိ သည့်အတွက် ရှမ်းနီလူမျိုးဟု ဖြေကြားသူမှဖြေသည့်အခါတွင် စာရင်းကောက်ဟာ ဂဏန်းသင်္ကေတ ၉၁၄ ကိုရွေးချယ်ပြီးတော့မှ ဘေးမှကွက်လပ်တွင် ရှမ်းနီဟုရေးသားသွားမှာပဲဖြစ်ပါတယ်။ ပြည်သူ့ အင်အားဦးစီးဌာနမှာ စာရင်းဇယားပြုစုသည့်အခါမှာ ရှမ်းနီလူမျိုးဟု ဖြေကြားသူအရေအတွက်ကို စာရင်းဇယားပြုစု၍ ပြန်လည်ရေတွက်မည်ဖြစ်ခြင်းကြောင့် ရှမ်းနီလူမျိုးစု မပါရှိမည်ကိုစိုးရိမ်စရာ မလိုပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူပြီးစီးသည့်အခါမှာ Code နံပါတ်များ ပြောင်းလဲသွားနိုင်မှုရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ယခုပေးထားသော လူမျိုးဂဏန်းသင်္ကေတ Code နံပါတ်များဟာ ကွန်ပျူတာမှ အချက်အလက်များအလွယ်တကူဖတ်နိုင်ရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပုံစံ တည်းရှိစေရန်နှင့် စနစ်တကျရှိစေရန် ပေးထားခြင်းသာဖြစ်ပါတယ်။ ဌာနတွင်းသုံး ဂဏန်းသင်္ကေတ သက်သက်သာဖြစ်ပါတယ်။ အသစ်ထပ်တိုးလာသော လူမျိုးများအတွက်မူ တိုးလာသည့်အရေအတွက် ပေါ်မူတည်၍ မည်သို့သတ်မှတ်ရမည်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဂဏန်း သင်္ကေတသတ်မှတ်သည့်ကိစ္စများဟာ လူမျိုးတစ်ခုတည်းကိုသာ ဆောင်ရွက်ခြင်းမဟုတ်ပါ။

တိုင်းဒေသကြီး /ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုအားလုံးအပါအဝင် အခြားမေးခွန်းများအားလုံးကိုလည်း ဂဏန်းသင်္ကေတသတ်မှတ်ထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တိုင်းရင်းသားလူမျိုးစုအမည်မှန်များ ပေါ်ထွက်လာနိုင်ခြင်းရှိ/မရှိ လူမျိုးနွယ်စုအမည်ထပ်နေခြင်းများဟာ ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ၊ အမှန်တကယ်မရှိသော တိုင်းရင်သားမျိုးနွယ်စုအမည်များပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ တိုင်းရင်းသားလူမျိုးနှင့် ပတ်သက်သောမေးခွန်းတိုင်းဟာ ဖြေကြားသူ၏ဆန္ဒအရ ပြောဆိုခွင့်ရှိခြင်းကြောင့် လူမျိုးအမည်အသစ်ကိုဖြေဆိုပါကအလိုလိုစာရင်းဝင်သွားမည်ဖြစ်ပြီး ယခင်ကွင်းကျန်နေသောတိုင်းရင်းသား အမည်မှန်များ ပြန်လည်ပေါ်ထွက်လာမည်ဖြစ်ပါတယ်။ ဤနေရာတွင် တိုင်းရင်းသားလူမျိုးအမည်များအား အဓိကထားဆိုလိုရင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ လူမျိုးနွယ်စုအမည်များ ထပ်နေခြင်းများရှိပါကလည်း မှန်ကန်စွာဖြေကြားပေးခြင်းဖြင့် အမှန်ကိုပြင်နိုင်မည်ဖြစ်ပါတယ်။ အမှန်တကယ်မရှိသော တိုင်းရင်းသားမျိုးနွယ်စုအမည်များကို မဖြေခြင်းဖြင့်လည်း အလိုလိုပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အမှန်တကယ်ရှိသော တိုင်းရင်းသားမျိုးနွယ်စုကို Code နံပါတ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာမှာ ယခင်အသုံးပြုခဲ့သော တိုင်းရင်းသား ၁၃၅ မျိုးစာရင်းကိုရှိပြီး ကိန်းဂဏန်းအဖြစ်အခြေခံ၍ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ အခြေခံဆောင်ရွက်မည့်စာရင်းမှာ မပါဝင်သူကို ယခုအချိန်မှာ Code နံပါတ်သတ်မှတ်ပေးရန်မဖြစ်နိုင်ပါ။ လူမျိုးတစ်မျိုးကို သတ်မှတ်ပေးလိုက်ပါက အခြားတောင်းဆိုမည့်လူမျိုးများစွာ ပေါ်ထွက်လာမည်ဖြစ်ပြီး မည်သည့်လူမျိုးသည် တိုင်းရင်းသားဖြစ်သည်/မဖြစ်သည်ကို ဆန်းစစ်ရန် အချိန်လိုအပ်မှာဖြစ်ပါတယ်။ မည်သည့်လူမျိုးဟာ တိုင်းရင်းသားဖြစ်သည်/မဖြစ်သည်ကို ဆုံးဖြတ်ရန်မှာလည်း တည်ဆဲ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေအရသာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ Code နံပါတ်ဟာဌာနအတွင်း အသုံးပြုရန် သတ်မှတ်ထားသည့်လုပ်ငန်းသုံးတစ်ခုသာဖြစ်၍ သန်းခေါင်စာရင်းကောက်ယူပြီးသည့်အခါ ရရှိလာမည့် လူမျိုးအမည်စာရင်းများကိုတင်ပြ၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၏ အကြံပြုချက်ပူးပေါင်းပါဝင်မှုဖြင့် ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုသာဖြစ်ကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ အင်ဂျန်းယန်မဲဆန္ဒနယ်က ဒေါ်ဒွဲဘူရဲ့ မေးခွန်းကို ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက သန်းခေါင်စာရင်းကောက်ယူရာမှာ လူမျိုးနှင့်ပတ်သက်သောမေးခွန်သုံးခု မေးမြန်းထားခြင်းနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှ ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမမေးခွန်းမှာ ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း မေးခွန်းနံပါတ်(၈) လူမျိုးဇယားကို ဖြေဆိုရာမှာ ကချင်လူမျိုးဟု ဖြေကြားလာပါက စာရင်းကောက်ယူသူများအနေဖြင့် မည်သည့်မျိုးနွယ်စု ဖြစ်ပါသလဲဟု ဒုတိယမေးခွန်းကို ထပ်မံမေးမြန်းရန်နှင့် ပြန်လည်ဖြေဆိုသည့်လူမျိုးနွယ်စု၏ Code နံပါတ်သတ်မှတ်ချက်ကိုစာရင်းတွင် ဖြည့်စွက်ပေးပါရန်ဟု မေးမြန်းထားရှိပါတယ်။ ဤမေးခွန်းနှင့် ပတ်သက်ပြီးတော့မှ မဖြေကြားမီမှာ အလျဉ်းသင့်သဖြင့် နောက်ကြောင်းကိစ္စများကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်မှာမေးမြန်းရမည့် မေးခွန်းများနှင့်ပတ်သက်ပြီးတော့မှ ကနဦး အဆင့်စဉ်းစားရာမှာ ပြုပြင်ပြင်ဆင်ပေးရမည့် ကိစ္စရပ်များကိုပြင်ဆင်ပေးရန်နှင့် နိုင်ငံတော်၏ လက်ရှိ နှင့်အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်သော ကိန်းဂဏန်းရရှိစေရန် စသည့်အချက်များအပေါ် မှာအခြေတည်ပြီးတော့မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ပေးရမည့် ဌာန/အဖွဲ့အစည်း များဟာ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့်ပေါင်းစပ်ပြီးတော့မှ အလုပ်ရုံဆွေးနွေးပွဲများအား ကြိမ်ဖန် များစွာပြုလုပ်၍ မေးခွန်းအရေအတွက်နှင့် မေးခွန်းအကြောင်းအရာများကို စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါ တယ်။

လူမျိုးဟူသောမေးခွန်းနှင့်ပတ်သက်၍ လက်ရှိအတည်ပြုထားသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကိုစတင်အခြေခံ၍ စဉ်းစားခဲ့ရခြင်းမှာလည်းပဲ မကြာခဏ ရှင်းလင်းပြောဆိုနေပြီးဖြစ်သည့် အတိုင်းပဲ ၎င်းကိန်းဂဏန်းအရေအတွက်ဟာ လက်ရှိအတည်ပြုသုံးစွဲနေတဲ့ တရားဝင်အချက်အလက် ဖြစ်ပြီးတော့မှ ယနေ့တိုင် ထပ်မံပြင်ဆင်ဖြည့်စွက်အတည်ပြုထားခဲ့ခြင်း မရှိသေးပါသဖြင့် ၎င်းကိုပင်

အခြေခံစာရင်း Baseline Data ဖြင့်စတင်အခြေခံကိုးကားရခြင်းပဲဖြစ်ကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ ၎င်းအပေါ်မှာ အခြေခံပြီးတော့မှ လူမျိုးအမည်၊ သတ်ပုံသတ်ညွှန်းများ မှားယွင်းနေပါသည်ဟူသော ပြောဆိုချက်၊ မြေပြင်တွင် လူမျိုးစုနွယ်အချို့ မရှိကြပါဟူသည့် ပြောဆိုချက်နှင့် တိုင်းရင်းသားမျိုးနွယ်စုအသစ်အချို့လည်း ကျန်နေပါသေး၍ ပြန်လည်ပြင်ဆင်ထည့်သွင်းပေးရန်ဟူသော တောင်းဆိုချက်များကြောင့် ပြည်သူ့ဆန္ဒနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် ဤမေးခွန်းကို ထည့်သွင်းဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာရှိနေခဲ့သော အငြင်းပွားဖွယ်အခြေအနေအား အခုကာလမှာ ပြင်ဆင်မဆောင်ရွက်ခဲ့ပါက အနည်းဆုံးနောင် ၁၀ နှစ် ကြာသည့်တိုင် ဆောင်ရွက်နိုင်တော့မည် မဟုတ်သဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်းလည်း အလျဥ်းသင့်၍ အသိပေးဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်ကြီးမေးမြန်းသော ပထမမေးခွန်းပါ လူမျိုးကိုမေးမြန်းရာ၌ ဖြေကြားသူက ကချင်လူမျိုးဟုဖြေကြားလာပါက စာရင်းကောက်များမှ ကချင်မျိုးနွယ်ထဲတွင် မည်သည့်လူမျိုးစုဖြစ်ပါသလဲဟု ဒုတိယမေးခွန်းကို ထပ်မံမေးမြန်းပေးရန် တောင်းဆိုချက်အားဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ အခုကျွန်တော်တို့ စာရင်းစစ်၊ စာရင်းကောက်သင်တန်းများမှာလည်းပဲ ဤအချက်ကို အသေးစိတ်ဆွေးနွေးပို့ချပြီးကြောင်းလည်း ဖြစ်ပါတယ်။ မေးမြန်းသူ၏ ရည်ရွယ်ချက်မှာ မျိုးနွယ်စုများအဖို့ မိမိမျိုးနွယ်စုအားပြောဆိုရန် မေ့လျော့နေမည်စိုး၍ သတိပေးစေလိုသည့်ဆန္ဒဖြစ်မည်ဟုလည်းယူဆမိပါတယ်။ အမှန်မှာ ကချင်လူမျိုးဟုဖြေသည်ဖြစ်စေ၊ ကချင်လူမျိုးစုအတွင်း၌ရှိသော မျိုးနွယ်စု၏အမည်ကို ဖြေဆိုသည်ဖြစ်စေ၊ ကချင်လူမျိုးစာရင်းဝင်သွားမှာပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့်တင်ပြရရင် ဖြေကြားသူက ထရုံမျိုးနွယ်စုဟု ဖြေကြားပါက ထရုံမျိုးနွယ်စုတွင် အရေအတွက်တစ်ယောက်တိုးသကဲ့သို့ မူလကချင်လူမျိုးတွင်လည်း သင်္ချာသဘောအရ အရေအတွက်တစ်ဦးတိုးသွားမှာပဲဖြစ်ပါတယ်။ ကချင်လူမျိုးဟုမဖြေသော်လည်း ကချင်မျိုးနွယ်စု ပျောက်ကွယ်သွားခြင်းမရှိပါကြောင်းဖြေကြားလိုပါတယ်။ ကချင်လူမျိုးဟူ သီးခြား Code တစ်ခု သတ်မှတ်ထားရခြင်းမှာလည်း မူလအစဥ်အဆက်ကပင် သန်းခေါင်းစာရင်းကောက်ယူရာ၌ ကချင်လူမျိုးဟုသာ ထည့်သွင်းဖြေကြားခဲ့ခြင်းကြောင့် ကချင်လူမျိုးစုဟု သီးခြားထည့်သွင်းဖော်ပြခဲ့ခြင်းပဲဖြစ်နိုင်ပါတယ်။ ကချင်လူမျိုးဟုသာ သီးခြားဖြေသူများအတွက်အရေအတွက်ကို အချိန်တိုအတွင်း ဖော်ထုတ်နိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းလည်း ဖြစ်ပါတယ်။ ထိုကဲ့သို့ပေးမထားပါက အခြားဟူသောအကွက်တွင် ရောက်ရှိသွားမည်

ဖြစ်ပြီးတော့မှ၊ ပြန်လည်ရေတွက်ရာမှာ လူသန်း ၆၀ ကျော်အပေါ်မှာတစ်ရပ်ချင်း၊ တစ်ဦးချင်းပြန်လည်ရေတွက်ရမည်ဖြစ်သဖြင့် အချိန်ကြာမြင့်နိုင်မှာလည်းဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ ဖြေကြားသူက ကချင်လူမျိုးဟုဖြေကြားပါက စာရင်းကောက်များက ကချင်လူမျိုးတွင် မည်သည့်မျိုးနွယ်စုဖြစ်ပါသလဲဟု ထပ်မံမေးမြန်းပေးပါမည်။ ပြည်သူ့ဆန္ဒနှင့်အညီလည်း လိုက်နာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ၎င်းအပြင် ပထမမေးခွန်းမှာပါသော လူမျိုးကိုဖြည့်စွက်ရာ၌ ဖြေဆိုသူကာယကံရှင်မှ ပြောကြားသည့် လူမျိုးအမည်ကို Code နံပါတ် (ဂဏန်းသင်္ကေတ) စာရင်းကိုကြည့်၍ သက်ဆိုင်ရာ Code နံပါတ်ကို ရေးသွင်းသွားမှာဖြစ်ပါမည်။ ၎င်းအချက်များဟာ မူလကပင်၎င်းကဲ့သို့ ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီး အချက်များသာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လူမျိုးအမည်များအတွက် အသံထွက်စာလုံးပေါင်းများ မှားယွင်းနေနိုင်တဲ့အတွက်ကြောင့်မို့ ပြင်ဆင်ပေးရန် တောင်းဆိုချက်နှင့်ပတ်သက်၍ ဖြေဆိုသူကာယကံရှင်က ပြောကြားသည့်လူမျိုးအမည်ကို ဘေးမှ ကွက်လပ်မှာစာဖြင့် စာလုံးပေါင်းမှန်အောင်ချပြရေးသား အတည်ပြုပေးမည်ဖြစ်ကြောင်းလည်း ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မေးခွန်းအပိုဒ် ၂ မှာ ကချင်တိုင်းရင်းသားလူမျိုးတွင် ပါဝင်သော Code နံပါတ်သတ်မှတ်ပေးထားသည့် မျိုးနွယ်စုများနှင့် Code နံပါတ် သတ်မှတ်ချက်တွင်မပါဝင်သဖြင့် အခြားဟူသော အကွက်တွင်ရေးသွင်းသွားမည့် ကချင်မျိုးနွယ်စုအားလုံး စုပေါင်းပြီးတော့မှ ကချင်တိုင်းရင်းသားလူမျိုးဟု သတ်မှတ်ကြေညာမှတ်တမ်းတင်ပေးရန်ဆိုသော မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့မှ ကချင်တိုင်းရင်းသားလူမျိုးတွင်ပါဝင်ပြီး Code နံပါတ်သတ်မှတ်ထားပြီးသောမျိုးနွယ်စုများမှာ ကချင်တိုင်းရင်းသားလူမျိုးများအဖြစ် ပါဝင်သွားမည်ဖြစ်ပါသည်။ Code နံပါတ်သတ်မှတ်ချက်တွင် မပါဝင်သော အမည်သစ်ဆိုပါက အခြားဟူသော အကွက်မှာ ကနဦးရေးသွင်းသွားမည်ဖြစ်ပြီးတော့မှ၊ အားလုံးပြီးစီးသည့်အခါ ၎င်းမျိုးနွယ်စုသည် အရေအတွက် မည်မျှရှိသည်ကိုရေတွက်ခြင်း၊ ၎င်းနောက် မည်သည့်မျိုးနွယ်စုအောက်တွင်ရှိသည်ကို သတ်မှတ်ပေးရန်အတွက် ၎င်းမျိုးနွယ်စု၏ဆန္ဒ၊ သက်ဆိုင်ရာတိုင်းရင်းသား ခေါင်းဆောင်များ၏ဆန္ဒ၊ အကြံပြုချက်၊ ပူးပေါင်းဆောင်ရွက်ချက်ပေါ်မှာ မူတည်ပြီးတော့မှ အဆင့်ဆင့်ဆုံးဖြတ်ရမည့် ဒုတိယအဆင့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ မည်သည့်မျိုးနွယ်စုသည် ကချင်လူမျိုးအောက်တွင် ရှိသည်ဟူ၍ သဘောတူသတ်မှတ်ဆုံးဖြတ်ပြီးပါကလည်း ထိုမျိုးနွယ်စုများကို စုပေါင်း၍ ကချင်တိုင်းရင်းသားလူမျိုးစုဟု သတ်မှတ်ကြေညာပေး

သွားမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ရှင်းလင်းရရင် ကချင်ပြည်နယ်မှာနေထိုင်သော ကချင်မျိုးနွယ်စု အောက်တွင်ရှိနေသော ထရုံလူမျိုးစုသည် Code နံပါတ် မသတ်မှတ်ရသေးပါက စာရင်းကောက်ယူ ချိန်တွင် အခြားဟူသောအကွက်၌ ပါရှိသွားသော်လည်း ကိန်းဂဏန်းရရှိလာချိန်မှာ ၎င်းတို့က ကချင် လူမျိုးအောက်တွင် ရှိနေသည်ဟူသော သဘောတူညီချက်ရှိပါက အဆင့်ဆင့်အတည်ပြုချက်ဖြင့် ကချင်လူမျိုးစုအဖြစ် စာရင်းပူးပေါင်း ထည့်သွင်းသွားမှာဖြစ်ပါတယ်။ ကာယကံရှင်လူမျိုးစု၏ သဘော တူညီချက်အပေါ်မှာ မူတည်စဉ်းစားရမည့် ဒုတိယအဆင့်လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ တတိယမေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးစီးချိန်မှာ တိုင်းရင်းသားများ၏ မျိုးနွယ်စုစာရင်းများကို မှန်ကန် တိကျအောင်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးခေါင်းဆောင် ကိုယ်စားလှယ်များ၏ အကြံဉာဏ်၊ ပူးပေါင်းဆောင်ရွက်မှု စသည်တို့ကိုသာရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့် ဆင့်အတည်ပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခင်ကပင် ဒုတိယအဆင့် ဆောင်ရွက်ရန်လည်း စီမံထားတဲ့အစီအမံဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာကတော့ သန်းခေါင်စာရင်းဟာ နိုင်ငံတော်၏ အကျိုးငှာ ဆောင်ရွက်ပေးရမည့်၊ စီမံဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းစဉ်ကြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန်နှင့် တိုင်းရင်းသားညီအစ်ကိုအားလုံး တစ်ဦးမကျန် ကောက်ခံခွင့်ရှိသည့် အခွင့်အရေးအား အမိအရအသုံးချပေးပါရန်နှင့် ကချင်ပြည်နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် လေးစားစွာ မေတ္တာ ရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တင်သွင်းသည့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ် ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး(၂၅)ရက်မြောက်နေ့ ၁၄-၃-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ

ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၉-၃-၂၀၁၄ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေး ချက်ကို တင်ပြလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ် ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာပါ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ ရဲ့အစီရင်ခံစာပါ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြခဲ့တဲ့ဟာမှာ ကျွန်တော်တို့ နောက်ဆုံးဆွေးနွေးတဲ့အထဲမှာ အချို့ ပြင်ဆင်စရာလေးတွေ ကျန်များကျန်နေသလားလို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် စိစစ် လိုက်တဲ့အခါမှာ ဒီ ပုဒ်မ ၁ ပုဒ်မခွဲ(ဈ) မှာ အောက်ပါအတိုင်းအစားထိုးရမည် ဆိုပြီးတော့ ပထမ ဆွေးနွေးထားတာရှိပါတယ်။ အဲ့ဒါကတော့ အလုပ်ပိတ်ရက်ဆိုသည်မှာ ရက်သတ္တတစ်ပတ်အလုပ်ပိတ် ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်ဟုဆိုသည်ဆိုပြီး ပြင်ထားတာလေးတစ်ချက်ရှိပါတယ်။ အဲ့ဒါက တော့ ဒီဥပဒေကြမ်းကော်မတီရဲ့တင်ပြတဲ့ထဲမှာ ပြင်ဆင်ထားတာမတွေ့လို့ပါ။ နောက်တစ်ချက်က လည်း ကျွန်တော်တို့ ပုဒ်မ ၆ ပုဒ်မခွဲ(၂) မှာပါရှိတဲ့ မှတ်ပုံဝင် ဆရာဝန်ဆိုတဲ့စကားရပ်ကို မှတ်ပုံတင် ဆရာဝန် ဆိုတဲ့စကားရပ်နှင့် အစားထိုးရမည်ဆိုပြီးတော့ တစ်ချက်ပါပါတယ်။ နောက်တစ်ချက်က လည်း ပုဒ်မ ၆ ပုဒ်မခွဲ(၃)ကို ပယ်ဖျက်ရမည်ဆိုပြီးတော့ တစ်ချက်ပါပါတယ်။ နောက်တစ်ချက်က ပုဒ်မ ၇ ၏နောက် တွင် ပုဒ်မ ၇(က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၇(က) ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီရက်သတ္တပတ် ခြောက် ပတ်နှင့် မီးဖွားပြီးရက်သတ္တပတ်ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေဖြင့်ဖြစ်စေ၊ လစာငွေကြေးဖြင့် ဖြစ်စေ၊ မီးဖွားခွင့်ရက်အဖြစ် ခွင့်ပြုရမည်။ ယင်းမီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့်ဆက်စပ်

ခွင့်ပြုနိုင်သည်ဆိုပြီးတော့ ပါပါတယ်ခင်ဗျား။ နောက်တစ်ခုကလည်း ပုဒ်မ ၁၂ ပုဒ်မခွဲ(၂)မှာ နိုင်ငံတော်သမ္မတဆိုသည့်စကားရပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆိုသည့်စကားရပ်နှင့် အစားထိုးရမည်ဆိုတာ တစ်ချက်ပါ ပါတယ်။ နောက်တစ်ခါ ပုဒ်မ ၁၇ ကိုလည်း ပယ်ဖျက်ရမည်ဆိုပြီးပါပါတယ်။ နောက် ပုဒ်မ ၁၈ မှာလည်း အောက်ပါအတိုင်း အစားထိုးရမည်ဆိုပြီးပါပါတယ်။ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်မည်။ (ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဆိုပြီးတော့ ပါပါတယ်။ ဒါတွေက ဥပဒေကြမ်းကော်မတီရဲ့ အဲဒီနေ့ကတင်ပြတဲ့အထဲမှာ ဝေတဲ့စာရွက်ထဲမှာ ပြင်ဆင်မယ်ဆိုတဲ့ဟာ မပါပါဘူးခင်ဗျား။ ကျွန်တော် သဘောပေါက်တာပဲ လွဲလို့လားမသိပါဘူး။ Understood အနေနဲ့ပဲ သွားတာပဲလား။ ဒါမှမဟုတ် မပြင်တော့ဘဲနဲ့ထားမှာလား။ ဒါလေး မရှင်းလို့ပါခင်ဗျ။ ဥပဒေအနေနဲ့လည်း ကျွန်တော်တို့လည်း ပြည်သူ့ဗဟိုပြုပြီးတော့ ပြည်သူတွေအကျိုးကို ဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့ အလုပ်သမားဝန်ကြီးဌာနအနေနဲ့က ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက် ဥပဒေမှာလည်း ဥပဒေတစ်ခုကိုပြဋ္ဌာန်းပြီးပြီဆိုရင် ဥပဒေဟာ သိက္ခာရှိရပါမယ်။ ယုံကြည်စိတ်ချမှုလည်းရှိရပါမယ်။ အဲ့တော့ Flexibility ၊ Reliability နောက်ပြီးတော့ အရည်အသွေး Capability ၊ Workability အလုပ်လုပ်နိုင်မှုလည်းရှိရပါမယ်။ ဥပဒေတစ်ခုကို ပြဋ္ဌာန်းပြီး အလုပ်လုပ်လို့မရလို့ ထပ်ခါထပ်ခါပြင်နေတယ်ဆိုလို့ရှိရင် ကျွန်တော်တို့အပေါ်မှာ ပြည်သူတွေရဲ့အယုံအကြည်က အားနည်းသွားပါမယ်။ ဒါကြောင့်မို့လို့ ဒါလေးနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် ဥပဒေကြမ်းကော်မတီက နည်းနည်းရှင်းလင်းပေးပါလို့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု ဒုတိယဝန်ကြီး ပြောသလိုပါပဲ။ လွှတ်တော်တွေက ဥပဒေပြုရေးမှာ အဓိကတာဝန်ရှိတယ်။ ဒါနဲ့အညီပဲ မိမိတို့ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားကို မထိခိုက်အောင် ဖြစ်စေရမယ်။ လက်တွေ့လည်း လိုက်နာနိုင်တဲ့ တရားမျှတတဲ့ဥပဒေများဖြစ်ရမယ်ဆိုပြီးတော့ ရည်ရွယ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ အဲ့လိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံနဲ့နိုင်ငံသားအကျိုးစီးပွားကို ဦးတည်ဖော်ညွှန်းသော်လည်း မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေတဲ့ Treaties

Conventions တွေကိုလည်း အကျုံးဝင်စဉ်းစားရမှာဖြစ်ပါတယ်။ အခု ဒီရှင်းလင်းတင်ပြချက်အပေါ် မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုနက ဝန်ကြီးရှင်းပြသွားတဲ့အထဲမှာ မူလ ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ လွှတ်တော်ကို တင်လာတဲ့အထဲမှာ ပုဒ်မ ၁ ကနေ ပုဒ်မ ၁၃ ခုအထိ ပါတာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားမှာတင်ပြထားတာကတော့ ကျွန်တော်တို့ ပြင်ဆင် တဲ့အပိုဒ် ၁၁ ပိုဒ်ပဲ တင်ပြထားတာဖြစ်ပါတယ်။ အခုနက ဝန်ကြီးပြောပြထားတာတွေအားလုံးဟာ ပယ်တာလည်းမဟုတ်ပါဘူး။ ဝန်ကြီးဌာနကတင်ပြထားတဲ့အတိုင်း ဥပဒေကြမ်းကော်မတီက ပြင်ဆင် ချက်မရှိဘဲနဲ့ မူလအတိုင်း သဘောတူထားတဲ့အတွက်ကြောင့်မို့လို့ ကန့်လန့်ဖြတ်ဇယားထဲမှာ ပါဝင် လာခြင်းမရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက ဝန်ကြီးတင်ပြထားတဲ့ ပုဒ်မ ၁ တို့၊ အများပြည်သူ အလုပ်ပိတ်ရက်တို့၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတို့ဆိုတာဟာ မူလဥပဒေကြမ်းအတိုင်း ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီက အတည်ပြုထားပြီးဖြစ်ပါကြောင်းနဲ့ ယခုတင်ပြချက်ကတော့ ဥပဒေကြမ်းကော်မတီရဲ့ မူလဥပဒေကြမ်းပေါ်မှာ ပြင်ဆင်ချက်များသာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘောပေါက် နားလည်ပါပြီခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့လည်း ဒီနေ့ဆွေးနွေးတဲ့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် များ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုခြင်းအပေါ်မှာ အထူးမှတ်ချက်ပေးရန်၊ ကန့်ကွက် ရန်မရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ အစိုးရအဖွဲ့အုပ်ချုပ်ရေးဌာနအသီးသီးက တင်သွင်းလာတဲ့ ဥပဒေကြမ်းများကိုလည်း ဥပဒေကြမ်းကော်မတီကိုပေးပါတယ်။ ဥပဒေကြမ်းကော်မတီမှ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာကော်မတီများနဲ့ ညှိနှိုင်းပါတယ်။ ညှိနှိုင်းပြီး တော့ ထွက်လာတဲ့ရလဒ်တွေပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ နောက်ဆုံး လွှတ်တော်မှာ အခုလိုပဲ ဆွေးနွေးတာဖြစ်ပါတယ်။ အခုလို မေးလိုက်တဲ့အတွက်လည်း ဖြေရှင်းခွင့်ရတဲ့အတွက် ပိုပြီးတော့ အကျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ အခုနက ကျွန်တော်လည်း ကြေညာပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း

ကော်မတီရဲ့အစီရင်ခံစာပါ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေဟာ ကျွန်တော်တို့ လွှတ်တော်အတွက်တော့ အတည်ဖြစ်သွားပြီးတော့ သက်ဆိုင်ရာများနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ပဲ ကျန်ပါတော့တယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၄-၃-၂၀၁၄ ရက်နေ့ ယနေ့တွင် လက်ခံရရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၂၅-၃-၂၀၁၄ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို နေ့လယ် ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]